မြန်မာ့အလင်း

၁၂၈၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၆)၊ အမှတ် (၃၅၅)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ စီမံချက်များ၌ မပါဝင်သော လောကီလူမှုကိစ္စများ၌ ပါဝင်စွက်ဖက်ဆောင်ရွက်ခြင်း မပြုမိကြစေရန်အတွက် ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ရပ်ကျေး သံဃနာယကအဖွဲ့များက ကြီးကြပ်ဆောင်ရွက်ပေးကြရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ညွှန်ကြားလွှာအမှတ်(၉၃)ကို လက်မှတ်ရေးထိုး ထုတ်ပြန်

ရန်ကုန် စက်တင်ဘာ ၂၄

သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများ ဂဏ္ဍစုရ၊ ဝိပဿနာစုရကိုသာ အားထုတ်ကြရေးအတွက် ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့၊ ရပ်ကျေးသံဃနာယကအဖွဲ့များက ကြီးကြပ်ဆောင်ရွက်ပေးကြရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော်ကြီး အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရနှင့် အကျိုးတော်ဆောင်ညောင်တုန်း ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တသြဘာသာဘိဝံသတို့က စက်တင်ဘာ ၂၄ ရက် နေ့စွဲဖြင့် ညွှန်ကြားလွှာအမှတ်(၉၃)ကို လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်သည်။

အဆိုပါညွှန်ကြားလွှာ အမှတ်(၉၃)အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

စာအမှတ်၊ ၁၀၀/၁၅/(သာ–ဝိ)သာ–မဟာန
ရက်စွဲ၊ ၁၃၆၉ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်
(၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

ညွှန်ကြားလွှာအမှတ် (၉၃)

အကြောင်းအရာ။ ။ သာသနာ့ဝန်ထမ်းရဟန်းသာမဏေများ ဂဏ္ဍစုရ၊ ဝိပဿနာစုရကိုသာ အားထုတ်ကြရေးအတွက် ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့၊ ရပ်ကျေးသံဃနာယကအဖွဲ့များက ကြီးကြပ်ဆောင်ရွက်ပေးကြရန် ညွှန်ကြားခြင်း။

၁။ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ၁၃၄၂ ခုနှစ်၊ နယုန်လ(၁၉၈၀ ပြည့်နှစ်၊ မေလ)၌ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရဟန်းသံဃာတော် တစ်သိန်းကျော်တို့၏ကိုယ်စား သမ္မုတိရသံဃာ့ကိုယ်စားလှယ် ဆရာတော် ၁၂၁၈ ပါးတို့ တက်ရောက်၍ ကျင်းပခဲ့ရာ ယင်းအစည်းအဝေးကြီးက သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သာသနာဝင်မှတ်တမ်းများကို အတည်ပြုဆုံးဖြတ်တော်မူခဲ့ကြပါသည်။

၂။ သံဃာ့အဖွဲ့အစည်းအခြေခံလုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်သြဝါဒါစရိယအဖွဲ့၊ ရပ်ကွက်/ကျေးရွာအုပ်စုသံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့နှင့် ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့များကို လုပ်ထုံးလုပ်နည်းများ ဝိနည်းတရားတော်နှင့်အညီ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။

၃။ ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးက သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့အား တာဝန်ပေးအပ်ခဲ့ပါသည်။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ ထပ်ဆင့်တာဝန်ပေးအပ်ခဲ့ပါသည်။ ယင်းကဲ့သို့ပေးအပ်ခဲ့သော သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းတာဝန်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် အဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် အဓမ္မဝါဒများကို တားဆီးနှိမ်နင်းနိုင်ခြင်း၊ သာသနာတော်၏အညစ်အကြေးများကို သန့်ရှင်းစင်ကြယ်အောင်ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ပရိယတ္တိစာမေးပွဲများကို တိုးချဲ့ကျင်းပဆောင်ရွက်နိုင်ခဲ့ခြင်း၊ တောင်တန်းဒေသနှင့် နယ်စပ်ဒေသသာသနာပြုလုပ်ငန်းများ၊ ပြည်တွင်းပြည်ပသာသနာပြုလုပ်ငန်းများကို အောင်မြင်စွာကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်းများကို တွေ့ရှိနိုင်ပေသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❐

ပထမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ပဲခူးမြို့မဆရာတော်ဘုရားကြီး၊ ပထမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးအစရှိသော ဆရာတော်ကြီးများ ထုတ်ပြန်ခဲ့သော ညွှန်ကြားလွှာ အမှတ်(၈၁)၊ (၈၃)၊ (၈၅)နှင့် (၆၅)တို့မှာ အောက်ပါအတိုင်းဖြစ်သည်–

စာအမှတ်၊ ၂၁၂/၄/သာ–မဟာန
ရက်စွဲ၊ ၁၃၅၂ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
(၁၉၉၀ပြည့်နှစ်၊ နိုဝင်ဘာလ ၅ ရက်)

ညွှန်ကြားလွှာအမှတ်(၈၁)

အကြောင်းအရာ။ ။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် အရှည်တည်တံ့ခိုင်မြဲရေးအတွက်လိုက်နာဆောင်ရွက်ကြရန် ညွှန်ကြားခြင်း။

၁။ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းကို အတည်ပြုပြဋ္ဌာန်းခဲ့၍ ယင်းအခြေခံစည်းမျဉ်းနှင့်အညီ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့စည်းပြီး သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း သီတင်းသုံးနေထိုင်သော ရဟန်းသာမဏေဟူသမျှသည် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းအရ ဖွဲ့စည်းထားသော သံဃနာယကအဖွဲ့ တစ်ဖွဲ့ဖွဲ့၏ကြီးကြပ်အုပ်ချုပ်မှုအောက်၌ သီတင်းသုံးနေထိုင်ကြရမည်။

၃။ သို့ဖြစ်ပါ၍ ကျောင်းထိုင် ဆရာတော်များ/ကျောင်းတိုက် နာယကဆရာတော်များသည် မိမိတို့၏ တပည့်ရဟန်း သာမဏေများအား သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ကြီးကြပ်အုပ်ချုပ်မှုကို မခံယူသည့် တရားမဝင် သံဃာ့အဖွဲ့များကို ဖွဲ့စည်းခြင်း၊ ပါဝင်ခြင်း၊ အားပေးထောက်ခံခြင်းမှ ရှောင်ကြဉ်ကြစေရန်အတွက် ဆုံးမသြဝါဒပေးကြရန် ညွှန်ကြားလျှောက်ထားအပ်ပါသည်။

ဘဒ္ဒန္တ ကုမာရ
အဘိဓဇမဟာရဋ္ဌဂုရု
ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု
အကျိုးတော်ဆောင်ဆရာတော်

စာမျက်နှာ ၇ ကော်လံ ၄ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်)

သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြီးပမ်း မျိုးကောင်းမျိုးသန့်များ တိုးချဲ့မွေးမြူ

နိုင်ငံတော်က သားငါးကဏ္ဍထုတ်လုပ်မှုမြှင့်တင်ရန် အဘက်ဘက်က ကူညီဖြည့်ဆည်းလျက် ရှိသည်။

သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်မွေးမြူရန် လိုအပ်သည်။ ယခုအခါ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းက ကြက်နှင့်ဝက် မျိုးကောင်းမျိုးသန့်များကို ဖြန့်ဖြူးပေးလျက်ရှိသည်။ ထို့အပြင် နွား၊ သိုး၊ ဆိတ် မျိုးကောင်းမျိုးသန့်များကိုလည်း မွေးမြူရေးလုပ်ငန်းရှင်များ မွေးမြူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက် ရှိသည်။

သားငါးကဏ္ဍ ထုတ်လုပ်မှုမြှင့်တင်ရာတွင် ပုစွန်မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်မွေးမြူနိုင်ရန်လည်း လိုအပ်သည်။ ပုစွန်သည် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက် ဝယ်လိုအားပိုကောင်းသော ရေထွက်ပစ္စည်းဖြစ်သည်။ ခေတ်မီနည်းစနစ်များသုံး၍ မျိုးကောင်းမျိုးသန့်ပုစွန်မျိုးများကို ဒေသအချို့၌ ပုစွန်ကန်များဖြင့် မွေးမြူလာကြသည်။

ထို့အပြင် သိုးနှင့်ဆိတ် မွေးမြူရေးလုပ်ငန်းသည်လည်း သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် တစ်ခုအပါအဝင် ဖြစ်သည်။ သိုးကို ပြည်တွင်းစားသုံးမှုနည်းပါးသဖြင့် ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်သည်။ သိုးမှ သိုးမွေးချည်ကိုလည်း စီးပွားဖြစ် ထုတ်လုပ်နိုင်သည်။

ယခုအခါ သားငါးကဏ္ဍ ထုတ်လုပ်မှုမြှင့်တင်ရန် နိုင်ငံတော်က မွေးမြူရေးလုပ်ငန်းရှင်များအား စီးပွားဖြစ်ထုတ်လုပ်နိုင်ရန် လိုအပ်သည့် ငွေကြေးအရင်းအနှီးများကိုလည်း ထုတ်ချေးပေးလျက် ရှိသည်။

သို့ဖြစ်ရာ သားငါးကဏ္ဍ ထုတ်လုပ်မှု မြင့်မားတိုးတက်လာစေရေးအတွက် တိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် သားပေါက်နှုန်းကောင်းပြီး အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့် သားငါးများကို ရွေးချယ်မွေးမြူသွားကြရမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မန္တလေးမဂုဏ်ရည်ဆရာတော် ဒေါက်တာအရှင်ကောဝိဒက ခမည်းတော်ကြီး ဦးဘိုနီအားရည်စူး၍ ကျေးဇူးဆပ်အလှူတော်အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ လှူဒါန်းရာ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ဦးချစ်မြိုင်က လက်ခံယူစဉ်။ (က-ပ)

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေး လုပ်ငန်းကော်မတီ အကြိုလှူဒါန်းပွဲ

ရန်ကုန် စက်တင်ဘာ ၂၄

၂၀၀၇ခုနှစ် အောက်တိုဘာ ၁ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အဖြစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေး လုပ်ငန်းကော်မတီ၏ အကြိုလှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာ ခန်းမ၌ ကျင်းပသည်။

စိုက်ထူလှူဒါန်း

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့် လုပ်ငန်းကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူး ဦးစိန်ဝင်းတို့က နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ခရမ်းဘိုးဘွားရိပ်သာ၊ ကျောက်တန်းဘိုးဘွားရိပ်သာ၊ တွံတေးမြို့ရှိ မိဘဂုဏ်ဘိုးဘွားရိပ်သာ၊ ကွမ်းခြံကုန်းမြို့ရှိ ဒေးဒနော ဘိုးဘွားရိပ်သာ၊ ဥက္ကံမြို့ရှိ ဦးမောင်ရုံး-ဒေါ်ရင်ဘိုးဘွားရိပ်သာများအတွက် ဆေးဝါးများနှင့် ငွေပဒေသာပင်ငွေကျပ် တစ်သိန်းစီ စိုက်ထူလှူဒါန်းရာ ဘိုးဘွားရိပ်သာအသီးသီးမှ ဥက္ကဋ္ဌများ၊ ဒုတိယ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ဆုပေးအပ်

ယင်းနောက် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အကြိုလုပ်ရှားမှုအနေဖြင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာ ကကျင်းပခဲ့သော စာစီစာကုံးဆုရ အဘိုးအဘွားများအား နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင် ကော်မတီ ဥက္ကဋ္ဌ ဦးကျော်ရှိန်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၅-၉-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြဟန် ဂီတသံ
၄:၁၅	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၀၀	၇။	ပညာခေတ်
၅:၄၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၂။	လျှပ်တစ်ပြက်
၆:၄၀	၁၃။	ဝတ်စားဆင်ယင်လှစေချင်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိုယ့်အချစ်ဆုံး** (အပိုင်း-၉)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	မွေးမြူသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းလောကမုန်တိုင်း** (ဒုတိယတွဲ) (အပိုင်း-၃၆)

ရန်ကုန်တိုင်း မရမ်းကုန်း မြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော် မြတ်ကြီးတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသော တောင်ဘက်ဆောင်းတန်းတော်ကြီးတည်ဆောက်ရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၉)မိုင် မစိုးရိမ်ကျောင်းလမ်း အမှတ် (၁၅၅-E)နေ ဒုတိယဗိုလ်မှူးကြီးမြတ်ငြိမ်း(ငြိမ်း)-ဒေါ်မြင့်မြင့်ဆွေမိသားစုက ငွေကျပ်တစ်သိန်းလှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးအုန်းကြိုင်နှင့် ဦးသန်းလွင်တို့က လက်ခံယူစဉ်။ (က-ပ)

ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းမှ သင်တန်းသူများ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ လေ့လာ

ရန်ကုန် စက်တင်ဘာ ၂၄

ဖောင်ကြီး ဗဟိုဝန်ထမ်းတက္ကသိုလ်မှ ဌာနကြီးမှူး ဒေါ်မြင့်မြင့်စန်း ခေါင်းဆောင်သည့် ဗဟိုဝန်ထမ်းတက္ကသိုလ် အခြေခံပညာ ဆရာ၊ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၂)မှ သင်တန်းသူ၇၈၁ ဦး တို့သည် ယမန်နေ့ မွန်းလွဲပိုင်းက အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာ ဦးစီးဌာန အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)သို့ ရောက်ရှိလေ့လာကြသည်။

သရုပ်ပြသ

ရှေးဦးစွာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား အားကစားကွင်း/အားကစားရုံဌာနခွဲ မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဆန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်တို့မှ အားကစားသမားများက အားကစားသရုပ်ပြသကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သင်းသင်းဆွေစတိုး ကမ္ဘာအေးမှ ဒေါ်ညွန့်ညွန့်ဝေက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး သီလရှင်ဆေးရုံခွဲစိတ်ခန်းတွင် အသုံးပြုရန် ငွေကျပ် ၄၆၀၀၀၀တန်ဖိုးရှိ Halogen Spot Lightတစ်စုံ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်းက လက်ခံယူစဉ်။ (က-ပ)

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးစပါးထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ကလောမြို့နယ်၌ ကျင်းပ တိုင်းမှူးဗိုလ်ချုပ်သောင်းအေး တက်ရောက်ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးစပါးထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို စက်တင်ဘာ ၁၉ရက် နံနက် ၉နာရီက ကလောမြို့နယ် အင်းခေါင်းကျေးရွာ မြန်မာ့စိုက်ပျိုးရေးနှင့် လယ်ယာထွက်ကုန်ဦးစီးဌာန စိုက်ပျိုးရေး ခြံလယ်မြေတွင် ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဇနီး ဒေါ်သင်းမျိုးမျိုးအောင်၊ တိုင်းစစ်ဌာန ချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင် ကောက်စိုက်သမများ တက် ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရှမ်းပြည်နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက အဖွင့်အမှာ စကားပြောကြားပြီး ပြည်နယ်မြေစာရင်း ဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးဦးတင် ဆန်းက ၂၀၀၇ခုနှစ် မိုးစပါးထွန်တုံး ပိတ် စိုက်ပျိုးပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြ၍ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးကျော် သန်းက ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်း ပြောကြားပြီး ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ စတင်ကြောင်း ကြေညာသည်။

ပေးအပ်

ထို့နောက် ပြိုင်ပွဲဝင် ကောက်စိုက် လုံမေအသင်းများအား တိုင်းမှူးနှင့်ဇနီး တို့က လှည့်လည်ကြည့်ရှုအားပေးကြပြီး ၂၀၀၇ ခုနှစ် မိုးစပါးစိုက်ပျိုးပြီးစီးမှု ကွင်းပိတ်စာရင်းဇယားများကို ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများက တိုင်းမှူးထံပေးအပ် ကြသည်။

ဆုပေးပွဲကျင်းပ

ဆက်လက်၍ ဆုပေးပွဲကို ကျင်းပ ရာ အစေ့ထုတ်ပြောင်း မြို့နယ်ထူးချွန် ဆုရ ရပ်စောက်မြို့နယ်နှင့် လက်ဖက် မြို့နယ်၊ ထူးချွန်ဆုရ ပင်းတယမြို့နယ်၊ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ပထမဆုရ ဟဲဟိုး(၁)အဖွဲ့တို့အား တိုင်းမှူးဗိုလ်ချုပ် သောင်းအေးကလည်းကောင်း၊ ဒုတိယ ဆုနှင့် တတိယဆုကို တိုင်းမှူး၏ဇနီး ဒေါ်သင်းမျိုးမျိုးအောင်က လည်း ကောင်း၊ နှစ်သိမ့်ဆုရ ကောက်စိုက်သမ အဖွဲ့အား တာဝန်ရှိသူများကလည်း ကောင်း အသီးသီး ဆုချီးမြှင့်ကြပြီး ၂၀၀၇ခုနှစ် မိုးစပါးထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက် စွမ်းရည်ပြိုင်ပွဲ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် စက်မှုလယ်ယာဦးစီးဌာနနှင့် မြန်မာ့ စိုက်ပျိုးရေးနှင့် လယ်ယာထွက်ကုန် ဦးစီးဌာနတို့က ခင်းကျင်းပြသထား သော ပြခန်းများကို လှည့်လည်ကြည့်ရှု ကြပြီး ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာ ကျောင်း(မူလကျောင်း ဟောင်း) အနောက် ဘက်တိုးချဲ့မြေ နှစ် ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက် အအုံများ ဆောက် လုပ် ရန် အ တွက် ရန်ကုန်မြို့ ၃၂လမ်း အမှတ် ၅၉ ဒုတိယ ထပ်နေ ဦးတင်ဦး–ဒေါ်ခင်ချိုချိုလတ် မိသားစုက အလှူ ငွေကျပ် တစ်သိန်း ငါးသောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ အမှုဆောင်ဆရာတော် အရှင်စာရိတ္တ (Ph.D) (Thesis) ထံ ဆက်ကပ်လှူဒါန်းရာ ဂုဏ်ပြုလွှာပြန်လည် ပေးအပ်စဉ်။ (က–ပ)

မိုးတွင်းကာလ စစ်ဆေးဆောင်ရွက်ရမည့်လုပ်ငန်းများ မျက်ခြည်မပြတ်လုပ်ဆောင် ချဉ်းကပ်လမ်း ကျန်လုပ်ငန်းများ သတ်မှတ်ချိန်အမီပြီးစီးအောင်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၂ရက် နံနက်က မော်တော်ယာဉ်များဖြင့် အင်းတကော်–ထုံးကြီး–ကဝလမ်းမှတစ်ဆင့် တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၁)က တာဝန်ယူတည်ဆောက်လျက် ရှိသည့် ပဲခူးမြစ်ကူးတံတား(ကဝ) တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ဝန်ကြီးနှင့်အဖွဲ့အား တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမင်းထွန်းက တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးက ရေလယ် တိုင် P_4၏ ပိုင်တိုင်ထိပ်အုပ်နှင့် တိုင် လုပ်ငန်းများ ဦးစားပေး ဆောင်ရွက်ရန်၊ ချဉ်းကပ်လမ်းမြေဖို့ရာ၌ ရေထုတ် ပြွန်များ လိုအပ်သည့်နေရာများတွင် ထည့်သွင်းပေးရန် မှာကြားပြီး တံတား တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှု စစ်ဆေးသည်။

ပဲခူးမြစ်ကူးတံတား (ကဝ)မှာ အောက်ထည် လွှန်တူးဘိုးပိုင် သံကူ ကွန်ကရစ်အုတ်မြစ်၊ အပေါ်ထည် ဘေလီသံပေါင် တစ်လမ်းသွားဖြစ်၍ တံတားအရှည်ပေ ၅၆၀ရှိပြီး တံတား ခံနိုင်ဝန်မှာ တန် ၂၀ဖြစ်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည်စစ်တောင်း တံတား(မုပ္ပလင်)၏ မုပ္ပလင်ဘက်ကမ်း တံတား ရှင်းလင်းဆောင်သို့ ရောက် ရှိရာ ဝန်ကြီးနှင့်အဖွဲ့အား စီမံကိန်း တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်လင်းက တံတားကြီး ရာနှုန်း ပြည့် တည်ဆောက်ပြီးစီးမှု၊ ချဉ်းကပ် လမ်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပဲခူးတိုင်း အင်ဂျင်နီယာမှူးကြီး ဦးဝင်း မောင်က ဖြည့်စွက် ရှင်းလင်းတင်ပြ သည်။

ထို့နောက် ဝန်ကြီးက တံတား ကြီးကို မိုးတွင်းကာလ စစ်ဆေးဆောင် ရွက်ရမည့်လုပ်ငန်းများ မျက်ခြည်မပြတ် လုပ်ဆောင်ရန်၊ ချဉ်းကပ်လမ်း ကျန် လုပ်ငန်းများကို စံချိန်စံညွှန်းပြည့် သတ်မှတ်ချိန်အမီပြီးအောင်ဆောင်ရွက် ရန်မှာကြားကာ လုပ်ငန်းလိုအပ်ချက် များ ဖြည့်ဆည်းပံ့ပိုးပေးပြီး မော်တော် ယာဉ်များဖြင့် တံတားကြီးပေါ်မှ ဖြတ် သန်းကာ ဝေါဘက်ကမ်း ချဉ်းကပ် လမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

စစ်တောင်းတံတား (မုပ္ပလင်)၏ တံတားအမျိုးအစားမှာ အောက်ထည် သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ် အပေါ် ထည်သံမဏိသံပေါင်နှင့် သံကူကွန် ကရစ်တံတားဖြစ်ပြီး တံတားအရှည် စုစုပေါင်း ၂၃၉၁ ပေ ၈လက်မ၊ ယာဉ် သွားလမ်း အကျယ် ၂၈ပေ၊ လူသွား လမ်းအကျယ်ခြောက်ပေစီ နှစ်ဖက်ပါရှိ ပြီး ခွင့်ပြုယာဉ်အလေးချိန်မှာ ယာဉ် တစ်စီးချင်း တန် ၆၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခြေခံ ဂေါက်သီးရိုက် သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေး ကွင်းတွင်ဖွင့်လှစ်ထားရှိသော Han Golf Masters ဂေါက်သီးရိုက် အကယ်ဒမီကျောင်းက စီစဉ်သည့် အခြေခံဂေါက်သီးရိုက်စခန်း Junior Golf Campကို အောက်တိုဘာလ ဆန်းတွင်ဖွင့်လှစ်သင်ကြားလေ့ကျင့် ပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းကို အခြေခံ အဆင့်၊ ကွင်းပတ်အဆင့်နှင့် ပြိုင်ပွဲ ဝင်အဆင့် ဂေါက်သီးရိုက်တတ် စေရန်နှင့် ဂေါက်သီးအားကစားကို စနစ်တကျ ကစားတတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများ သည် စက်တင်ဘာ ၃၀ ရက်နောက်ဆုံး ထား၍ ကြိုတင် စာရင်းပေးသွင်း ရမည်ဖြစ်ပြီး သင်တန်း စတင် ဖွင့်လှစ်မည့်ရက်နှင့် အသေးစိတ် အချက်အလက်များကို သိရှိလိုပါက မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေး ကွင်း ဖုန်း–၀၁–၆၅၁၇၉၇နှင့် ၀၉– ၉၉–၇၂၄၇၈တို့သို့ ဆက်သွယ်စုံစမ်း နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဘာသာရပ်ဌာနအလိုက် သင်ကြားရေးဆိုင်ရာ ပိုမိုကောင်းမွန်အောင်ဆောင်ရွက် ကွန်ပျူတာနှင့် Language Lab များ ထိရောက်စွာအသုံးပြုသင်ကြား

ဝန်ကြီးဒေါက်တာချမ်းငြိမ်း ရန်ကုန်မြို့ရှိ တက္ကသိုလ်များ လှည့်လည်စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၄

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အဆင့်မြင့် ပညာဦးစီးဌာန (အောက်မြန်မာပြည်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ လိုက် ပါလျက် ယမန်နေ့ နံနက် ၁၀နာရီက ရန်ကုန်ပညာရေးတက္ကသိုလ်သို့ရောက် ရှိပြီး ဆွေးနွေးပွဲခန်းမတွင် ပါမောက္ခ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံရာ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဒေါ်လွင်လွင်စိုးက စီမံခန့်ခွဲရေး၊ သင် ကြားရေးနှင့်ပါရဂူဘွဲ့သင်တန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ပါမောက္ခ၊ ဌာနမှူးများ က ဘာသာရပ်ဌာနအလိုက် သင်ကြား ရေးနှင့် သုတေသနပြုရေးကိစ္စများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ဘာသာရပ်ဌာနအလိုက် သင်ကြားရေးဆိုင်ရာ ပိုမိုကောင်းမွန်လာ အောင် ဆောင်ရွက်ရေး၊ ကွန်ပျူတာ နှင့် Language Lab များကို ပိုမို ထိရောက်စွာ အသုံးပြုသင်ကြားရေးတို့နှင့် စပ်လျဉ်း၍ ဖြည့်စွက် ဆွေးနွေးမှာကြား သည်။ **(အပေါ်ယာပုံ)**

တွေ့ဆုံ

အလားတူ ပညာရေးဝန်ကြီး ဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်း သည် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၂၂ရက် နံနက် ၁၀နာရီက ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ကောင်စီ ခန်းမသို့ ရောက်ရှိပြီး ပါမောက္ခ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံရာ ဒုတိယ ပါမောက္ခချုပ် ဒေါက်တာထွန်းခင်က ပါရဂူဘွဲ့သင်တန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် ပါမောက္ခ၊ ဌာနမှူးများ က ပါရဂူဘွဲ့ သင်တန်းသားများ အရည်အသွေး မြင့်မားရေးအတွက် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ပါရဂူ ဘွဲ့သင်တန်းများ အရည်အသွေးမြင့်မား ရေးနှင့် နိုင်ငံအကျိုးပြု သုတေသန များကို ဦးစားပေး ကြိုးပမ်းဆောင် ရွက်ကြရန် ဖြည့်စွက် ဆွေးနွေးမှာကြား သည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်အဝေးသင်တက္ကသိုလ်သို့ ရောက် ရှိပြီး အစည်းအဝေးခန်းမတွင် ပါမောက္ခ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံရာ ဒုတိယ ပါမောက္ခချုပ် ဒေါက်တာဒေါ်မာလာ အောင်က သင်ကြားရေးနှင့် စီမံခန့်ခွဲ ရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပါမောက္ခ၊ ဌာနမှူးများက ဘာသာရပ်အလိုက် သင်ကြားရေးနှင့် စီမံခန့်ခွဲရေးကိစ္စရပ်များ စီစဉ်ထားရှိမှု ကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ ဆောင်ရွက်ကြရန်နှင့်ကျောင်းသား ကျောင်းသူများ၏ အရည်အသွေးမြင့်မား ရေးနှင့် ပတ်သက်ပြီး ဆောင်ရွက်ကြရန် ဖြည့်စွက်မှာကြားကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၄

မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ (e. National Task Force) ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ စက်တင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့သည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ၂၀၀၇ ခုနှစ် ဆက်သွယ်ရေးပြပွဲ (Vietnam Comm 07)သို့ တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါလာ

မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသာဦးလည်း ပြန်လည်လိုက်ပါလာသည်။ **(သတင်းစဉ်)**

အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသည့် ကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီး အတွက် စမ်းချောင်းမြို့နယ် ရှင်စောပု လမ်း အမှတ် ၈၆-A နေ ဒေါ်မြမြသိန်းမိသားစုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းစဉ်။ (က-ပ)

စွမ်းအင်ဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရန် အိန္ဒိယရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးနှင့်အဖွဲ့ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၄

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၏ ဖိတ်ကြားချက်အရ စွမ်းအင်ဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရန်နှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ONGC Videsh Ltd. တို့၏ ရခိုင်ကမ်းလွန်ရေနက်လုပ်ကွက်အမှတ် AD-2, AD-3 & AD-9 တို့တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract) လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ရန် အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Murli S. Deora ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ရောက်ရှိလာရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra တို့က နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဆွေးနွေး

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Murli S. Deora၊ အတွင်းဝန် H.E. Mr. M.S. Srinivasan နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra တို့သည် ယင်းနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြပြီး စွမ်းအင်ကဏ္ဍနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငွေကျပ် ၁၀၀ တန် ထီဖွင့်ပွဲ အောက်တိုဘာ ၁ ရက်၌ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၄

(၂၂၅)ကြိမ်မြောက် ငွေကျပ် ၁၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ် ၃၈၄ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီမှ စတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းအပြီး ဖွင့်လှစ်မည်ဖြစ်သည်။

ဆုမဲများ

ယခုဖွင့်ပွဲတွင် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ် သိန်း ၅၀၀ ဆု၊ တစ်ဆု၊ ငွေကျပ် သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ် သိန်း ၂၀၀ လေးဆု၊ ငွေကျပ် သိန်း ၁၀၀ ၃၅ ဆု၊ ငွေကျပ် ၁၀ သိန်း ၅၄၄ ဆု၊ ငွေကျပ် ငါးသိန်း ၁၉ ဆု၊ ငွေကျပ် လေးသိန်း ၂၃ ဆု၊ ငွေကျပ် နှစ်သိန်း ၁၉၃ ဆု၊ ငွေကျပ် တစ်သိန်း ဆု ၁၅၃၀၊ ငွေကျပ် ရှစ်သောင်းဆု ၆၀၊ ငွေကျပ် လေးသောင်း ၁၀၁ ဆု၊ ငွေကျပ် နှစ်သောင်း ၁၅၈၄၂ ဆု စုစုပေါင်း ၁၈၃၅၄ ဆု ဖြစ်သည်။

ထုတ်ယူနိုင်

(၂၂၅)ကြိမ်မြောက် ငွေကျပ် ၁၀၀ တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို အောက်တိုဘာ ၈ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများတွင် လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❒ ဗြိတိန်နိုင်ငံ လူတန်မြို့၌ စက်တင်ဘာ ၂၄ ရက်က လေဆင်နှာမောင်းတိုက်ခတ်မှုဒဏ်ခံရသဖြင့် နေအိမ်နှင့် မော်တော်ယာဉ်အများအပြားပျက်စီးကာ သစ်ပင်များအမြစ်မှကျွတ်ပြီး ပြိုလဲမှုများဖြစ်ပေါ်ခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။ **(အောက်ပုံ)**



❒ **တရုတ်နိုင်ငံအနောက်မြောက်ပိုင်း မြစ်ဝါမြစ်အတွင်း စက်တင်ဘာ ၂၃ ရက်က ခရီးသည်တင် လှေတစ်စင်း မတော်တဆဖြစ်ရပ်ကြောင့် နစ်မြုပ်ခဲ့ရာ ခြောက်ဦးပျောက်ဆုံးလျက်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

❒ ဩစတြေးလျနိုင်ငံ အရှေ့တောင်ပိုင်း မဲလ်ဘုန်းမြို့အနီးတွင် စက်တင်ဘာ ၂၄ ရက် နံနက်က ရထားနှစ်စင်း တိုက်မိရာ ခရီးသည် ၂၀ ခန့် ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

❒ **အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများ၌ စက်တင်ဘာ ၂၄ ရက် ဒေသစံတော်ချိန်နံနက် ၅ နာရီ ၂၃ မိနစ်ခန့်က အင်အားရစ်ချ်တာစကေး ၅ ဒသမ ၈ ရှိ မြေငလျင်တစ်ခု၊ နောက်ထပ် အင်အားရစ်ချ်တာစကေး ၅ ဒသမ ၄ ရှိ မြေငလျင်တစ်ခုနှင့် အင်အားရစ်ချ်တာစကေး ၅ ဒသမ ၁ ရှိသော မြေငလျင်သုံးခု မိနစ်အနည်းငယ်ခြားပြီး ဆက်တိုက်လှုပ်သွားခဲ့ကြောင်း၊ ထိခိုက်သေဆုံးမှုမရှိကြောင်း အင်ဒိုနီးရှားမီဒီယာများက ဖော်ပြသည်။**

❒ ပိုလန်နိုင်ငံအလယ်ပိုင်း ပီယာစတောလေဆိပ်အနီး ဝေဟင်တွင် စက်တင်ဘာ ၂၃ ရက်က လေယာဉ်ငယ်နှစ်စင်းတိုက်မိပြီး တစ်စင်းပျက်ကျခဲ့ရာ နှစ်ဦးသေဆုံးခဲ့ကြောင်း လေယာဉ်ငယ်တစ်စင်းမှာ မြေပြင်သို့ ဆင်းသက်နိုင်ခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

❒ **တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ်တွင် စက်တင်ဘာ ၂၄ ရက်က မုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ နေအိမ်များပျက်စီးပြီး ပင်လယ်ပြင်၌ ငါးဖမ်းစက်လှေများ နစ်မြုပ်ခဲ့ရကြောင်း၊ အဆိုပါမုန်တိုင်းသည် တစ်နာရီလျှင် ၇၂ ကီလိုမီတာနှုန်း တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်မီဒီယာများက ဖော်ပြသည်။**

❒ လာမည့်အောက်တိုဘာ ၁၀ ရက်၌ ရုရှားလုပ် ဆိုယုဇ်အာကာသယာဉ်ဖြင့် နိုင်ငံတကာ အာကာသယာဉ်စခန်းသို့တက်ရောက်မည့် မလေးရှားနိုင်ငံသား အာကာသယာဉ်မှူးလောင်းနှစ်ဦးအနက် ပထမဦးစားပေး အာကာသယာဉ်မှူးလောင်းအဖြစ် ဒေါက်တာ ရှိတ်မူဇာဖာဆူကောအား ရွေးချယ်လိုက်ကြောင်း မလေးရှားမီဒီယာများက စက်တင်ဘာ ၂၄ ရက်၌ ဖော်ပြသည်။

❒ **တောင်အာဖရိကနိုင်ငံ ကာရီးအရပ်တွင် စက်တင်ဘာ ၂၃ ရက်က ခရီးသည်တင်ဘတ်စ်ကားတစ်စီး အရှိန်လွန်တိမ်းမှောက်ခဲ့ရာ ၁၂ ဦးသေဆုံးပြီး ၂၄ ဦးဒဏ်ရာရရှိခဲ့ကြောင်း တောင်အာဖရိက မီဒီယာများက ဖော်ပြသည်။**

(အင်တာနက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၉-၂၀၀၇ (အင်္ဂါနေ့)

AM & PM

၇:၀၀	- ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	- ၁:၀၅	ဆရာ-ဒကာဆက်ဆံရေး သင်တန်း(ဒုတိယပိုင်း) (အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ မော်ကွန်းထိန်းဆရာတော်)
၇:၃၀	- ၁:၃၀	နှစ်စဉ်မပြတ်ကွင်းဆင်းမှု ကျေးလက်ဒေသအရောက်ကု သွားကျန်းမာရေးအကျိုးပြု
၈:၀၅	- ၂:၀၅	တေးဂီတအစီအစဉ်
၈:၁၀	- ၂:၁၀	Sunday Talk
၉:၀၅	- ၃:၀၅	တေးဂီတအစီအစဉ်
၉:၁၀	- ၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀	- ၃:၂၀	တေးဂီတအစီအစဉ်
၉:၂၅	- ၃:၂၅	ယှဉ်ပြိုင်သိုင်းအားကစား အိုလံပစ်ဖလား
၉:၄၅	- ၃:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀	- ၃:၅၀	တေးဂီတအစီအစဉ်
၉:၅၅	- ၃:၅၅	ဥပါဒါန် (သရုပ်ဆောင် ကင်းကောင်၊ ပိုင်သန်၊ ဒွိုက်၊ အေးအေးခိုင်) [ဒါရိုက်တာ-ဝေဠု(ဝသန်)]
၁၀:၀၅	- ၄:၀၅	မိုးလေဝသခန့်မှန်းချက်
၁၀:၁၀	- ၄:၁၀	စဉ့်စမ်းသပ်စခန်းနှင့် မိတ်ဖွဲ့ရင်း မြေကိုအသက်သွင်းခြင်း
၁၀:၂၀	- ၄:၂၀	တေးဂီတအစီအစဉ်
၁၀:၃၅	- ၄:၃၅	စိတ်ဝင်စားစရာ ကျောက်မျက်ကမ္ဘာ တော်ဝင်ခမ်းနားပတ္တမြား အပိုင်း(၂)
၁၀:၅၅	- ၄:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅	- ၅:၀၅	Omega-3 Fatty Acids
၁၁:၂၅	- ၅:၂၅	တေးဂီတအစီအစဉ်
၁၁:၃၀	- ၅:၃၀	ယဉ်ကျေးမှုလက်ရာစုံစွာ ဘုရားအာနန္ဒာ
၁၁:၄၅	- ၅:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၀	- ၅:၅၀	Music Gallery (ချစ်သူ့လက်ဆောင်-၂)
၁၂:၂၀	- ၆:၂၀	သစ်သီးဝလံပေါပြည့်ဝေဆာတို့မြေမှာ(ပျားလိမ္မော်)
၁၂:၃၅	- ၆:၃၅	တေးဂီတအစီအစဉ်
၁၂:၄၀	- ၆:၄၀	သစ္စာမဏ္ဍိုင်စာပေမိသားစု၏ ကြည်နူးပီတိမြတ်ဒါနအလှူတော်
၁:၀၀	- ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မော်လမြိုင်မြို့နယ်၌ ဆေးပဒ္ဒာန်းလှူဒါန်းပွဲ ကျင်းပ

ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား

တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်း ဆေးမျိုးစုံနှင့် လှူဖွယ်ပစ္စည်းဆက်ကပ်

ရန်ကုန် စက်တင်ဘာ ၂၄

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သမိုင်းဝင်ဆံတော်ရှင်ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပက အဖွဲ့ ဆေးပဒ္ဒာန်းပူဇော်ပွဲ ကျင်းပရေးကော်မတီက ကြီးမှူးကျင်းပသော (၁၂၂)ကြိမ်မြောက် ဆေးပဒ္ဒာန်းလှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ၁၁ရက်က အဆိုပါစေတီတော်မြတ်ကြီးရှိ ဓမ္မာရုံ၌ကျင်းပရာ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုးတို့က ဆေးမျိုးစုံနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

တက်ရောက်

အဆိုပါ ဆေးပဒ္ဒာန်း လှူဒါန်းပွဲ အခမ်းအနားသို့ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များ ကြွရောက်တော်မူကြပြီး မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆေးပဒ္ဒာန်းပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဆေးမျိုးစုံ လှူဒါန်းကြသည့် အလှူရှင်များ၊ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့ရှိ တိုင်းရင်းဆေးအရောင်းဆိုင်ပိုင်ရှင်များနှင့်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ မော်လမြိုင်မြို့ ဝဲပုံ စာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဝိဇယာဘိဝံသထံမှ တိုင်းမှူးနှင့် ပရိသတ်တို့က ရှစ်ပါးသီလခံယူ ဆောက်တည်ကြပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ရှိ ဘုန်းတော်ကြီး ကျောင်း ၁၀၈ ကျောင်း၊ သီလရှင်ကျောင်းသုံးကျောင်း စုစုပေါင်း ၁၁၁ ကျောင်းတို့မှ ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော်များနှင့် သီလရှင် အပါး၅၅၀၀ ကျော်တို့အား တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဇနီးဒေါ်မြင့်မြင့်စိုး၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးအောင်ဝင်း၊ မော်လမြိုင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမောင်မောင်၊ မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆေးပဒ္ဒာန်းပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးရွှေရင်၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော်၊ အတွင်းရေးမှူး ဦးမျိုးခိုင်နှင့် အလှူရှင်များက စုစုပေါင်းငွေကျပ် ၁၉၁သိန်း တန်ဖိုးရှိ ဆေးမျိုးစုံနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အလုံမြို့နယ် နှင်းဆီကုန်းလမ်း အမှတ် (၉၂) နေ ဒေါက်တာ ထိန်လင်း–ဒေါက်တာ တင်တင်ကျော် တို့၏ (၅)နှစ်ပြည့် မင်္ဂလာ အထိမ်း အမှတ်နှင့် သမီး ယုရည်လင်း၏ (၄)နှစ်ပြည့် မွေးနေ့ မင်္ဂလာအဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးရဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မြန်မာ အင်ဖိုတက် ပညာရှင်များနှင့်တွေ့ဆုံ၊ လုပ်ငန်းဆိုင်ရာမှာကြား

ရန်ကုန် စက်တင်ဘာ ၂၄

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် စက်တင်ဘာ၂၃ရက် နံနက်ပိုင်းက ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း အစည်းအဝေးခန်းမ၌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ Myanmar Info-tech မှ ပညာရှင်များနှင့် တွေ့ဆုံ၍ Video Conferencing စနစ်နှင့် Voice Mail လုပ်ငန်းစနစ်ဆိုင်ရာများအား ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီးအား Myanmar Info-tech ၏ တာဝန်ရှိသူများက Video Conferencing လုပ်ငန်းစနစ်ဆိုင်ရာများအား Powerpoint Presentation ဖြင့် ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် တက်ရောက်လာသော အင်ဂျင်နီယာချုပ်များက နည်းပညာပိုင်းဆိုင်ရာများ ပါဝင်ဆွေးနွေးရာ သက်ဆိုင်သူများက ပြန်လည် ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက လိုအပ်ချက်များအား ဆွေးနွေးမှာကြားပြီး လုပ်ငန်းဆိုင်ရာများ ဖြည့်ဆည်းပေးသည်။

ဆွေးနွေး

ထို့နောက် ဝန်ကြီးအား Voice Mail လုပ်ငန်းစနစ်ဆိုင်ရာများကို Myanmar Info-tech ၏ ပညာရှင်များက ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ သက်ဆိုင်ရာ အင်ဂျင်နီယာချုပ်များက နည်းပညာပိုင်းဆိုင်ရာများ ဆွေးနွေးကြရာ Myanmar Info-tech ၏ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက တင်ပြချက်၊ ဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး လုပ်ငန်းဆိုင်ရာများအား အသေးစိတ်ဆွေးနွေးကာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ ဝန်ကြီးက e-Tourist Visa လုပ်ငန်းဆိုင်ရာများအား Myanmar Info-tech ၏ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက သိရှိလိုသော အချက်များကို ဆွေးနွေးတင်ပြကြသည်။ ထို့နောက် ဝန်ကြီးက အသေးစိတ်ဆောင်ရွက်ရမည့် အချက်များအား ဖြည့်စွက်မှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယရဲအုပ်လောင်း သင်တန်းဆင်း ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၂၄

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးကျောင်း ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၅၉/၂၀၀၇) သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ၂၂ရက် နံနက်၇နာရီက ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ဗဟိုလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်းက အကောင်းဆုံး ကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း နေမင်းဦး၊ ဥပဒေထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း လွင်ကိုလတ်၊ လေ့ကျင့်ရေး ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်းစိုးစိုး၊ အင်္ဂလိပ်စာ ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ငြိမ်းချမ်းစိုး၊ ကွန်ပျူတာ ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း သိန်းထိုက်တို့အား ဆုများချီးမြှင့်သည်။**(အပေါ်ပုံ)**

တက်ရောက်

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယ ရဲချုပ်ရဲမှူးချုပ်ဇော်ဝင်းက အမှာစကား ပြောကြားသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား ၂၀၉ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ကင်းစင် အလှဆင်

ရွှေကူစည်ပင် အမှုဆောင်အရာရှိ စီသာကျေးရွာ စက်ရေတွင်းစစ်ဆေး

ရွှေကူမြို့နယ် စည်ပင်သာယာရေး အဖွဲ့သည် စံပြကျေးရွာထူထောင်ရေး စီမံချက်အရ စီသာစံပြကျေးရွာတွင် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ထားရှိသော စက်ရေတွင်းများအား စက်တင်ဘာ ၃ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဆန်းဦးနှင့် အမှုဆောင်အရာရှိ ဦးခင်အောင်နီတို့က ကွင်းဆင်းစစ်ဆေးခဲ့ရာတာဝန်ခံအင်ဂျင်နီယာက ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

မွန်ပါဠိတက္ကသိုလ် သွေးဆေးကန်မွန်ကျောင်း ရိုးရာသီးစုံဆွမ်းတော်ကြီး တင်ပွဲကျင်းပမည်

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်လမ်းသစ် ရာမညဝေပုလ္လတိုက် မွန်ပါဠိ တက္ကသိုလ် သွေးဆေးကန်မွန်ကျောင်း၏ ဦးစီးပဓာန နာယကဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါရအား အမှူးထား၍ ဆွမ်းကွမ်းဝေယျာဝစ္စ အဖွဲ့မှ ဦးဆောင်ပြီး စေတနာရှင် အလှူဒါယကာ၊ အလှူဒါယိကာမ အပေါင်းတို့က (၂၁)ကြိမ်မြောက် ရိုးရာသီးစုံ ဆွမ်းတော်ကြီးတင်ပွဲ အခမ်းအနားကို ၁၃၆၉ခုနှစ် တော်သလင်းလပြည့်(ဗုဒ္ဓဟူးနေ့) စက်တင်ဘာ ၂၆ရက် နံနက် ၉နာရီတွင် ကျင်းပမည် ဖြစ်ရာ မုန့်မျိုးစုံ၊ ယိုမျိုးစုံ၊ သစ်သီးမျိုးစုံ၊ ဆွမ်းဘောဇဉ်များကို ဆက်ကပ်လှူဒါန်းလိုသူများသည် ဆရာတော်ဘဒ္ဒန္တဝါရ၊ ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့နှင့် ဖုန်း–၀၉–၅၁–၆၂၀၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ (က–ပ)

ကလေးသူငယ် ပြုစုပျိုးထောင်ရေးဌာန (မူကြိုကျောင်း)များ ဖွင့်ပွဲကျင်းပ

မုံရွာခရိုင် ကနီမြို့နယ် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးအဖွဲ့နှင့် ကျေးရွာမှ မိဘပြည်သူများ ပူးပေါင်းဖွင့်လှစ်သည့် ကလေးသူငယ် ပြုစုပျိုးထောင်ရေးဌာန (မူကြိုကျောင်း)များဖွင့်ပွဲကို စက်တင်ဘာ ၄ရက် နံနက် ၈နာရီက ပါဟဲကျေးရွာ၌ လည်းကောင်း၊ နံနက် ၁၀နာရီတွင် ခုံကြီးရွာသစ်ကျေးရွာ၌ လည်းကောင်း ကျင်းပသည်။

ရှေးဦးစွာ အဆောက်အအုံသစ်များကို မြို့နယ်ဥက္ကဋ္ဌဦးကပ်ကျော်၊ ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးအဖွဲ့ မန်နေဂျာ ဦးတင်ထွန်း၊ ပါဟဲကျေးရွာ ဥက္ကဋ္ဌ ဦးတင်ဦးနှင့် ခုံကြီးရွာသစ်ကျေးရွာဥက္ကဋ္ဌ ဦးသိန်းဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မြစ်ကြီးနားမြို့ စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

မြစ်ကြီးနားမြို့အား သန့်ရှင်းသာယာလှပပြီး ကျန်းမာရေးနှင့်ညီညွတ်သောမြို့ဖြစ်စေရေးအတွက် ဒုတိယဦးစီးမှူး(သန့်)ဦးသန်းဝင်း အနီးကပ်ကြီးကြပ်သော ဝန်ထမ်းများသည် မြို့သစ်ကြီး၊ မြေမြင့်၊ ယုဇနေ၊ မြို့သစ်ရပ်ကွက်နှင့် ရန်ကြီးအောင်ရပ်ကွက် ပြည်ထောင်စုလမ်းဘေးဝဲယာတစ်လျှောက်အမှိုက်၊ မြက်များမရှိစေရေးသန့်ရှင်းရေးဆောင်ရွက်မှု၊ စိမ်းလန်းမြေတွင် ချုံနွယ်များမရှိစေရန် ဆောင်ရွက်မှု အခြေအနေများကို မြို့နယ်တာဝန်ခံအရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး)ဦးဇော်မိုးက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး မြိတ်မြို့ ကျောက်ဖျာကျေးရွာ၌ဆွေးနွေး

မြိတ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကကြီးမှူး၍ ခရိုင် ဦးစီးအရာရှိ ဦးစန်းလွင်၊ မြို့နယ်ဦးစီးမှူး ဦးလှမြင့်နှင့် ဝန်ထမ်းများလိုက်ပါလျက် စက်တင်ဘာ၁ရက် နံနက် ၉နာရီက မြိတ်မြို့ ကျောက်ဖျာကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျေးရွာအုပ်စုအတွင်းရှိ ဖွင့်လှစ်ပြီးဖြစ်သော စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ လုပ်ငန်းစဉ်(၅)ရပ်နှင့် စာကြည့်တိုက်နည်းပညာရပ်များကို ဆွေးနွေးကြရာ ကျေးရွာဥက္ကဋ္ဌ ဦးသန်းဦးနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ စာကြည့်တိုက် ကော်မတီဝင်များ၊ စာကြည့်တိုက်မှူးများနှင့် လူမှုရေးအသင်းဝင်များ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

25-9 (05) 1 9/25/07, 4:17 AM

မန္တလေးမြို့ ဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲ ဖြစ်သည့် အိန္ဒိယနိုင်ငံ ဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာ ပညာရေး ဗိမာန်တော်ကြီး) အတွက် ရန်ကုန်မြို့ ယင်းမာမြိုင် လမ်း သုဝဏ္ဏ စုပေါင်းအိမ်ရာနေ ဒေါ်လှလှနွယ် ဦးဆောင်သော ဓမ္မမိတ်ဆွေများ စုပေါင်းလှူဒါန်းသည့် ပညာရေး အလှူငွေကျပ် တစ်သိန်းငါးသောင်းနှင့် အမေရိကန်ဒေါ်လာ၃၄၀ကို ကျောင်းဖြစ်မြောက်ရေးအကျိုးဆောင်ဥက္ကဋ္ဌ ဆရာတော်အရှင်ရာဇိန္ဒ (နာလန္ဒာ) ရှေ့မှောက်၌ လှူဒါန်းရာ အမှူဆောင် ဒေါက်တာတင့်ထားဝင်းက လက်ခံယူစဉ်။ (ကဝ)

ညောင်တုန်းပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာပေးနိုင်ရေး အလေးထား လုပ်ငန်းတာဝန်များ ကျွမ်းကျင်တတ်မြောက်စေရန် အစဉ်လေ့လာ နိုင်ငံတော်အပေါ်သစ္စာစောင့်သိပြီး ယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၄

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် စက်တင်ဘာ ၂၂ ရက်နံနက် ၁၁ နာရီက တာဝန်ရှိသူများလိုက်ပါ၍ ဧရာဝတီတိုင်း မအူပင်ခရိုင် ညောင်တုန်းမြို့ ၁၂ လမ်းထိပ် ပန်းလှိုင်မြစ်ကမ်းတာပေါင် တည်ဆောက်ထားမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစောအောင်လွင်က ပန်းလှိုင်မြစ်နှင့် ဧရာဝတီမြစ်ဆုံ ရေစီးကြောင်း အခြေအနေနှင့် ပန်းလှိုင်မြစ်အဖြစ်ခွဲ၍ မြစ်ရေ စီးဆင်းသွားမှုအခြေအနေ၊ ညောင်တုန်းမြစ်ကမ်းပါး မြစ်ရေတိုက်စားမှုဒဏ်ခံနိုင်ရန် မြစ်ကမ်းတစ်လျှောက် ဘိုးပိုင်ချ၍ မြစ်ကမ်းတာ တည်ဆောက်ထားရှိမှု အခြေအနေ၊ ညောင်တုန်းမြစ်ကမ်း တာပေါင်ကို တိုင်းတာတွက်ချက်၍ စနစ်တကျ တည်ဆောက်ထားရှိမှုကြောင့် ညောင်တုန်းမြို့တွင်းသို့ မြစ်ရေစီးဝင်မှုကို ကာကွယ်ထားနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဝန်ကြီးသည် ညောင်တုန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့အား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးခန်းမ၌ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင်အောင်လင်းက လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦး၊ အင်ဂျင်နီယာချုပ် ဦးအောင်ခိုင်နှင့် ဧရာဝတီတိုင်း လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းဌေးတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ်ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ညောင်တုန်းမြို့နေ ပြည်သူများအား လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ ပေးနိုင်စေရေး အလေးထား ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဧရာဝတီတိုင်းအတွင်း လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြိုးပမ်းဖော်ဆောင်လုပ်ကိုင်သွားကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိနှင့်သက်ဆိုင်သော လုပ်ငန်းဆိုင်ရာများကို ကျွမ်းကျင်တတ်မြောက်မှုရှိအောင် အစဉ်လေ့လာကြိုးပမ်းသင်ယူနေကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်များ ဖြစ်ထွန်းအောင်မြင်စေရေးအတွက် မိမိလုပ်ငန်းတာဝန်များအပေါ် တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် စွမ်းရည်မြင့် လုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မိမိဌာနရည်မှန်းချက်များ အောင်မြင်ပေါက်မြောက်စေရေးနှင့် ဘဏ္ဍာငွေ တိုးပွားစေရေးအတွက် တာဝန်ရှိသူအားလုံးက မှန်မှန်ကန်ကန်ဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိပြီး အပြန်အလှန်ယုံကြည်မှုဖြင့် ပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားပြီး ဝန်ထမ်းများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်ဦးမြို့နယ် စဥ့်ကူမြို့ မြို့ကုန်းရပ်ကွက်ရှိ ရှေးဟောင်း စိန္တာမုနိစေတီကြီးစေတီတော် ဆိုဒီယမ်မီးဆလိုက်နှင့် မီးအားမြှင့်စက်အတွက် အလှူငွေကျပ် ၃၉၀၀၀၀ ကို ချောက်မြို့ ချယ်မရီကုန်းရပ်ကွက်နေ ဦးလှတင် (လျှပ်-အင်/ယာ၊ ငြိမ်း၊ မြန်မာ့ရေနံ)အား ရည်စူး၍ ဒေါ်စန်းကြည်၊ သားဦးမောင်မောင်ဆန်း(အင်ဂျင်နီယာ)နှင့် ညီ၊ ညီမများ၊ တူ၊ တူမများက ပေးအပ်လှူဒါန်းရာ ဗုဒ္ဓပူဇနီယ ဆီမီး ၉၉၀၀အဖွဲ့နာယက ဦးယဉ်ကျော် (ဒါရိုက်တာမောင်ယဉ်ကျော်)၊ ဦးစိုးဝင်း (စဥ့်ကူစိုးဝင်း)၊ ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)နှင့် အမှုဆောင်များက လက်ခံယူစဉ်။ (ဝ၄၆)

(၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

(၁) ခိုင်မာသောပြည်ထောင်စုစိတ်ဓာတ်အပေါ် အခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားစေရန်။

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်။

(၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများ ရှင်သန်ထွန်းကားပြန့်ပွားရန်။

(၄) လူငယ်ထု၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှုကို တိုးတက်ဖြစ်ထွန်းစေရန်။

(၅) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။

ကော့သောင်းခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်

ရန်ကုန် စက်တင်ဘာ ၂၄

၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ကော့သောင်းခရိုင်အဆင့် ပြိုင်ပွဲကို စက်တင်ဘာ ၈ရက် မွန်းပွဲ ၂နာရီက ကော့သောင်းမြို့ မဋ္ဌူသကခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းအေးလွင်၊ ခရိုင်ရဲတပ်ဖွဲ့ ရဲမှူးအောင်မြင့်ထွန်း၊ ကော့သောင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး ပြိုင်ပွဲကို ဆက်လက်ကျင်းပကြောင်း သိရသည်။ **(၃၈၉)**

ချောက်မြို့နယ် ဆူးတောကျေးရွာ အလကကျောင်းခွဲဖွင့် ငွေကျပ် ၇၅သိန်း အကုန်အကျခံ တည်ဆောက်

ရန်ကုန် စက်တင်ဘာ ၂၄

ချောက်မြို့နယ် ဆူးတောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ဖွင့်ပွဲကို စက်တင်ဘာ ၁၃ ရက် နံနက် ၉နာရီက ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသီဟ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်း၊ မြို့နယ်ပညာရေးမှူး ကိုယ်စား အထက(၂)ကျောင်းအုပ် ဦးထွေးမောင်နှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ၊ စည်ပင်အမှုဆောင်အရာရှိနှင့် မြို့နယ်ပညာရေးမှူးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ယာပုံ)**

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ၊ အမှုဆောင်အရာရှိနှင့် မြို့နယ်ပညာရေးမှူး ကိုယ်စား အထက(၂)ကျောင်းအုပ်က အမှာစကား ပြောကြားပြီး ဆူးတောကျေးရွာ အလယ်တန်းကျောင်းခွဲ ကျောင်းအုပ်ဦးခင်မောင်ရီက ကျေးဇူးတင်စကားပြောကြား၍ကျေးရွာ ဥက္ကဋ္ဌ ဦးဇော်ဝင်းအောင်နှင့် ကျောင်းအကျိုးဆောင် ဦးခင်မောင်ရွှေတို့က ကျောင်းဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသည့် ဧည့်သည်တော်များအား အထိမ်းအမှတ် အိတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

တည်ဆောက်ထား

အဆိုပါကျောင်းမှာ အလျားပေ ၈၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ တစ်ထပ်အဆောက်အအုံ သွပ်မိုး၊ အုတ်ကာ အဆောက်အအုံဖြစ်၍ နိုင်ငံတော်က ငွေကျပ်၃၅ သိန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၄၀ စုစုပေါင်း ၇၅သိန်းခန့် အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

❐ ရှေ့ဖုံးမှ

၄။ **နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးအနေဖြင့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံး လုပ်နည်းများ၊ ဝိနည်းဓမ္မကံမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပရိယတ္တိပညာရေးစီမံချက်များ၊ သာသနာပြုလုပ်ငန်းစီမံချက်များ၌ ဖော်ပြပါရှိသည့်လုပ်ငန်းတာဝန် များကိုသာလျှင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တာဝန်ရှိပါသည်။ ယင်းလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သံဃာထု၏ ဆန္ဒအရဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်ခြင်းသည် သာသနာ့ဝန်ထမ်းများအတွက် မြတ်စွာဘုရားရှင် သတ်မှတ်ပေးတော် မူခဲ့သော ဂန္ထဓုရ၊ ဝိပဿနာဓုရနှစ်ဖြာကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။**

၅။ ဖော်ပြပါလုပ်ထုံးလုပ်နည်းများ စီမံချက်များ၌ မပါဝင်သော လောကီလူမှုကိစ္စများ၌ ပါဝင် စွက်ဖက် ဆောင်ရွက်ခြင်းမပြုမိကြစေရန်အတွက် မိမိတို့ ဦးထိပ်ထား လေးစားကြည်ညိုအပ်သော ပထမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ပဲခူးမြို့မ ဆရာတော် ဘုရားကြီး၊ ပထမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး အစရှိသော ဆရာတော်ကြီးများထုတ်ပြန်ခဲ့သော ညွှန်ကြားလွှာအမှတ် (၈၁)(၈၃)(၈၅)နှင့် (၆၅)တို့၌ စုံစုံလင်လင်ထုတ်ပြန်ညွှန်ကြားထားခဲ့ပြီးဖြစ်၍ ယင်းညွှန်ကြားလွှာများ အတိုင်း လိုက်နာကြစေရေးနှင့် ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ဖြာကိုသာ ကြိုးပမ်းအားထုတ်ကြစေရေး သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယက အဖွဲ့များနှင့်ရပ်ကွက်/ကျေးရွာ အုပ်စု သံဃနာယကအဖွဲ့များက ကြီးကြပ်ထိန်းသိမ်းဆောင်ရွက်ကြပါရန် ညွှန်ကြားအပ်ပါသည်။ (ညွှန်ကြားလွှာအမှတ် ၈၁၊ ၈၃၊ ၈၅၊ ၆၅တို့၏ မိတ္တူများကို ပူးတွဲပေးပို့ပါသည်။)

ဘဒ္ဒန္တ ကုမာရ	**ဘဒ္ဒန္တ ဩဘာသာဘိဝံသ**
အဘိဓဇမဟာရဋ္ဌဂုရု	**အဘိဓဇမဟာရဋ္ဌဂုရု**
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက	**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက**
ဥက္ကဋ္ဌဆရာတော်	**အကျိုးတော်ဆောင်ဆရာတော်**

ဖြန့်ဝေခြင်း

- ဥက္ကဋ္ဌဆရာတော်၊ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ (အားလုံး)
- ဥက္ကဋ္ဌဆရာတော်၊ မြို့နယ် သံဃနာယကအဖွဲ့ (အားလုံး)
- ဥက္ကဋ္ဌဆရာတော် ရပ်/ကျေး သံဃနာယကအဖွဲ့ (အားလုံး)
- ဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန
- ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အားလုံး)
- ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အားလုံး)
- မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အားလုံး)
- ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာန
- ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
- ဒုတိယပါမောက္ခချုပ်(စီမံ) အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
- ပြည်နယ်/တိုင်း သာသနာရေးမှူး (အားလုံး)
- ခရိုင်သာသနာရေးမှူး (အားလုံး)
- မြို့နယ်သာသနာရေးမှူး (အားလုံး)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး အနေဖြင့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပရိယတ္တိ ပညာရေး စီမံချက်များ၊ သာသနာပြုလုပ်ငန်းစီမံချက်များ၌ ဖော်ပြပါရှိသည့် လုပ်ငန်းတာဝန်များကိုသာလျှင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တာဝန်ရှိ။ ယင်းလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ သံဃာထု၏ဆန္ဒအရ ဆောင်ရွက်နေခြင်းဖြစ်။

စာအမှတ်၊ ၂၁၂/၄/သာ-မဟန
ရက်စွဲ၊ ၁၃၅၃ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၂ရက်
(၁၉၉၁ခုနှစ်၊ ဇူလိုင်လ ၁၃ရက်)

ညွှန်ကြားလွှာအမှတ် (၈၃)

အကြောင်းအရာ။ ။သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများသည် ပါတီနိုင်ငံရေးများ၌ ပါဝင်ဆောင်ရွက်ခြင်း မပြုလုပ်ရန် ညွှန်ကြားခြင်း

၁။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ ထေရဝါဒဂိုဏ်းဝင် သံဃာပေါင်း သုံးသိန်းကျော်နေထိုင် သီတင်းသုံးလျက်ရှိပါသည်။ ယင်းထေရဝါဒဂိုဏ်းဝင် သံဃာအပေါင်းသည် သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးမူအရ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပပြီးနောက် သံဃာ့ဂိုဏ်းကြီး (၉)ဂိုဏ်းဖြင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်း၍ သာသနာရေးတာဝန်များကို ဆောင်ရွက်လျက် ရှိကြပါသည်။

၂။ **ထေရဝါဒ သံဃာ့ဂိုဏ်းဝင် သမ္မုတိသံဃာတို့သည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို ဦးတည်၍ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့၏ ကိစ္စဖြစ်သော ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ပါးလုံးကိုသော်လည်းကောင်း၊ တစ်ပါးပါးကိုသော်လည်းကောင်း ဆောင်ရွက်ကြရ မည်ဖြစ်ပါသည်။ ပါတီနိုင်ငံရေးများ၌ ပါဝင်ဆောင်ရွက်ခြင်းကို ရှောင်ကြဉ်ကြရမည်ဖြစ်ပါသည်။**

၃။ အကယ်၍ ရဟန်းသာမဏေများ ပါတီနိုင်ငံရေးများ၌ ပါဝင်ဆောင်ရွက်ပါက နိုင်ငံရေး ပါတီများသည် ရဟန်းသာမဏေများထံ ချဉ်းကပ်၍ ဆရာမွေးကြပေလိမ့်မည်။ ထိုအခါ ရဟန်း သာမဏေများသည် မိမိနှစ်သက်ရာပါတီ အနိုင်ရရှိရေးကို ဆောင်ရွက်ကြရ၊ ဟောပြောကြရသဖြင့် ဘုရားရှင်၏ ဓုရနှစ်ဖြာကို အားမထုတ်နိုင်တော့ဘဲ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဦးတည်ချက်ကို ထိခိုက်လာမည့်အပြင် ရဟန်းသာမဏေအချင်းချင်း စိတ်ဝမ်းကွဲပြားကာ ခဲခဲယဉ်းယဉ်း တည်ဆောက်ထားရသော ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ်ရေးကြီး ပြိုကွဲ၍ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့ ဧကန်ပျက်စီးကြရပေလိမ့်မည်။

ရှေးယခင် အင်္ဂလိပ်အုပ်စိုးစဉ်အခါက ဝံသာနု၊ ဒိုင်အာခီ စသည် ကွဲပြားကြရာ ရဟန်းတော် များ ပါတီနိုင်ငံရေး ပါဝင်ဆောင်ရွက်ကြသဖြင့် ဝံသာနုဘုန်းကြီး၊ ဒိုင်အာခီဘုန်းကြီး စသည်တို့ စိတ်ဝမ်းကွဲကာ ကံကြီးကံငယ် အတူမဆောင်နိုင် သံဃာစင် အတူမတက်နိုင်သည်အထိ အချင်းချင်း ကွဲပြားခဲ့ဖူးပါသည်။

၄။ မြန်မာနိုင်ငံတော်၌ ရှေးအခါက တစ်ကြိမ်တစ်ခါမျှမရခဲ့ဖူးသော ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ် ရေးကြီးကိုရရှိ၍ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်းကာ "သံဃာ့ကိစ္စ သံဃာဆောင်ရွက်" ဟူသောမူအရ သာသနာ့ကိစ္စအဝဝကို သံဃာတော်များကိုယ်တိုင် ဆောင်ရွက်ခွင့်ရသဖြင့် သာသနာ တော်၌ အဓမ္မဝါဒများကိုနှိမ်နင်းနိုင်ခြင်းစသော အကျိုးတရားများစွာ ဖြစ်ထွန်းခဲ့ပါသည်။ သို့ဖြစ်၍ ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ်ရေးကြီးမပြိုကွဲရန် ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်သည် ရဟန်း သာမဏေတိုင်း၏တာဝန်ဖြစ်သည်။ ဤတာဝန်ကို ကျေပွန်စွာမထမ်းဆောင်နိုင်ကြသဖြင့် သံဃာ့ ညီညွတ်ရေးကြီးပြိုကွဲ၍ သံဃာ့အဖွဲ့အစည်းများပျက်စီးသွားပါက နောင်တစ်ဖန် ဤအခွင့်အရေးမျိုး ရရှိရန် မျှော်မှန်း၍ ရနိုင်တော့မည်မဟုတ်ပါ။

၅။ **ပါတီနိုင်ငံရေးဟူသည် လူဝတ်ကြောင်၊ လူပုဂ္ဂိုလ်တို့၏ ကိစ္စတာဝန်သာ ဖြစ်ပါသည်။ ရဟန်းသာမဏေများသည်ကား မည်သည့်ပါတီကပင် အစိုးရအဖြစ် တက်ရောက်လာသည်ဖြစ်စေ၊ ထိုတက်ရောက်လာသော အစိုးရ၏ တရားနှင့်အညီ ပေးအပ်သော အာဏာစက်အကူအညီ အထောက် အပံ့ကိုရယူ၍ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးကို စောင့်ရှောက်ထိန်းသိမ်းသွားရမည်သာဖြစ်ပါသည်။**

၆။ **သို့ဖြစ်ပါ၍ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ သီတင်းသုံးနေထိုင်ကြသော ထေရဝါဒ သံဃာ့ဂိုဏ်းဝင် ရဟန်းသာမဏေတို့သည် ပါတီနိုင်ငံရေးများ၌ ကိုယ်တိုင်ပါဝင်ခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း၊ သူတစ်ပါးအား တိုက်တွန်းခြင်းများမှ ရှောင်ရှားကြရန် ညွှန်ကြားလိုက်ပါသည်။**

ဘဒ္ဒန္တ ဣန္ဒာစာရ	**ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ**
အဘိဓဇမဟာရဋ္ဌဂုရု	**တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက**
ဥက္ကဋ္ဌဆရာတော်	**အဘိဓဇမဟာရဋ္ဌဂုရု**
	အကျိုးတော်ဆောင်ဆရာတော်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ပါတီနိုင်ငံရေးဟူသည် လူဝတ်ကြောင်၊ လူပုဂ္ဂိုလ်တို့၏ ကိစ္စတာဝန်သာဖြစ်။ ရဟန်းသာမဏေများသည်ကား မည်သည့်ပါတီကပင် အစိုးရအဖြစ် တက်ရောက်လာသည်ဖြစ်စေ၊ ထိုတက်ရောက် လာသော အစိုးရ၏ တရားနှင့်အညီ ပေးအပ်သော အာဏာစက် အကူအညီ အထောက်အပံ့ကိုရယူ၍ ဗုဒ္ဓမြတ်စွာသာသနာတော် ကြီးကို စောင့်ရှောက်ထိန်းသိမ်းသွားရမည်သာဖြစ်။

25-9 (07) 1 9/25/07, 4:17 AM

ပဲခူးမြို့ ကြခတ်ဝိုင်းဆရာတော်

အဘိဓဇမဟာရဋ္ဌဂုရု၊

အဘိဓဇအဂ္ဂမဟာ

သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တ ဇောတိပါလက

ကြခတ်ဝိုင်းကျောင်းတိုက်ရှိ

ကျောင်းဆောင်များကို

ဆန္ဒပြသံဃာတော် ၃၅၀ ခန့်နှင့်

NLD ပါတီဝင် ၅၀ ခန့်တို့

ရောက်ရှိလာပြီး ဖျက်ဆီးခဲ့ကြောင်း

ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်

ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌထံ

စာရေးသားတိုင်ကြား



ပဲခူးမြို့ ကြခတ်ဝိုင်းဆရာတော်ထံ ဖျက်ဆီးခံရသည့် အဆောင်တာဝန်ခံဆရာတော်များက စာရေးသားတိုင်ကြားသည့် တိုင်ကြားချက်များ–





နိုင်ငံတော်တွင် လမ်းပေါ်တက် စီတန်းလမ်းလျှောက်ဆန္ဒပြသည့်အဖြစ်အပျက်များ ပြည်ပမှ စနစ်တကျစီမံချက်ချ၍ ဆောင်ရွက်နေသည့် နည်းလမ်းတစ်ခုဖြစ်

သာသနာရေးဆိုင်ရာကိစ္စရပ်များလျှောက်ထား

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် ဆရာတော်ကြီးများအား သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားသည့်အခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားတင်ပြစဉ်။ (သတင်းစဉ်)

● *ကျော်ဖုံးမှ*

ဘုရားတပည့်တော်အား မြန်မာနိုင်ငံတော်တွင် လတ်တလောဖြစ်ပေါ်နေသောဖြစ်စဉ်များနှင့်စပ်လျဉ်း၍ အဖြစ်မှန်ကို ဆရာတော်ကြီးများသိရှိနိုင်စေရန် လျှောက်ထားခွင့်ပြုတော်မူပါဘုရား။

ယခုလပိုင်း ရက်ပိုင်းကာလများတွင် ပြည်တွင်း/ပြည်ပရှိ အဖျက်အမှောင့် လုပ်ဆောင်နေကြသည့် မသမာသူလူတစ်စုမှ နိုင်ငံရေးသွေးထိုးလှုံ့ဆော်မှုများကို စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိရာ ၂၀၀၇ခုနှစ်၊ ဩဂုတ်လ ၂၈ရက်နေ့တွင် စစ်တွေမြို့၌ သံဃာတော်အပါး ၁၄၀ခန့်မှ ကုန်ဈေးနှုန်းကျဆင်းရေးဟူသော ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ စတင်၍ ဆန္ဒပြခဲ့ပါသည်ဘုရား။

သွေးထိုးမှုများပြုလုပ်

စက်တင်ဘာလ ၅ရက်၊ ၆ရက်နေ့များတွင်လည်း NLD နိုင်ငံရေးအစွန်းရောက် လူတစ်စုမှ ပခုက္ကူမြို့ရှိ ထင်ရှားကျော်ကြားသော ကျောင်းတိုက်ကြီးများသို့ ဝင်ရောက်ချဉ်းကပ်သွေးထိုးမှုများပြုလုပ်ခဲ့သဖြင့် ဒုတိယအကြိမ်မြောက် လမ်းလျှောက်ပရိတ်ရွတ်၊ မေတ္တာပို့သည်ဆိုသော အနုနည်းနိုင်ငံရေးလှုပ်ရှားမှုတို့ဖြင့် ပြည်ပအသံလွှင့်ဌာနများ၏ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ခဲ့ပါသည်ဘုရား။

ထိုအချိန်အခါမှစ၍ ရန်ကုန်၊ မန္တလေး၊ ဟသ်ာတ၊ မုံရွာစသည့်မြို့ကြီးများအပါအဝင် တိုင်းနှင့်ပြည်နယ် ခုနစ်နေရာလောက်တို့တွင် စဉ်ဆက်မပြတ်လမ်းလျှောက် ပရိတ်ရွတ်ဆန္ဒပြခြင်းများကို နိုင်ငံရေးအစွန်းရောက် NLD မှ ပုဂ္ဂိုလ်အချို့၊ ၈၈မျိုးဆက်ဆိုသူများ၊ လက်ကျန် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပြည်ပအသံလွှင့်ဌာနတို့ စဉ်ဆက်မပြတ် သွေးထိုးလှုံ့ဆော်မှုများ ဆောင်ရွက်လျက်ရှိပြီး မူလပြောကြားခဲ့သော စွမ်းအင်လောင်စာဆီဈေးနှုန်းနှင့် ကုန်ဈေးနှုန်းကိစ္စများ မပါဝင်တော့ဘဲ NLD နှင့် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရန် တောင်းဆိုခြင်း၊ လုံခြုံရေးအရ ခေတ္တထိန်းသိမ်းစောင့်ရှောက်ထားသော ဒေါ်အောင်ဆန်းစုကြည်အိမ်ရှေ့သို့ပင် ချီတက်ဆန္ဒပြ ဆုတောင်းမေတ္တာပို့ပွဲများကို တစ်ဆင့်ပြီးတစ်ဆင့် အခြေအနေ ပိုမိုရှုပ်ထွေးလာအောင် စဉ်ဆက်မပြတ်လုပ်ဆောင်သည်ကို ယနေ့ကာလတွင် တွေ့မြင်နေ ရပါသည်ဘုရား။

အထက်ပါဖြစ်ရပ်များ ဖြစ်ပေါ်လာစေရန် စီမံဖန်တီးနေသည့်အကြောင်းအရင်းမှာ မြန်မာနိုင်ငံတော်ကြီး အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်နေသည်ကို မနာလိုမရှုဆိတ်ကြသည့် ပြည်တွင်း/ပြည်ပ အဖျက်သမားတစ်စုက နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်မှန်သမျှကို ပျက်စီးဆုတ်ယုတ်စေရန် နည်းမျိုးစုံဖြင့် ဖန်တီးလုပ်ဆောင်လျက်ရှိနေပါသည်ဘုရား။

နှောင့်ယှက်ဖျက်ဆီး

ယခုကဲ့သို့လုပ်ဆောင်နေသည်မှာ နိုင်ငံတော်အတွက် အသက်သွေးတမျှ အရေးကြီးလှသော ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံကြီးကို ပြုလုပ်ကျင်းပခဲ့ရာ ထိုအမျိုးသားညီလာခံကြီးကို မပျက်ပျက်အောင် ဖျက်ဆီးခဲ့ကြသော်လည်း အဖျက်သမားများအတွက် အောင်မြင်မှုမရှိဘဲ ပြည်သူလူထု အားပေးထောက်ခံမှုဖြင့် တိုင်းရင်းသားမျိုးစုံ ပါဝင်ဆောင်ရွက်ခဲ့သော အမျိုးသားညီလာခံကြီးမှာ အောင်မြင်စွာပြီးဆုံးခဲ့ပါသဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အတိုင်း ဆက်လက်လုပ်ဆောင်နိုင်ခြင်းမရှိအောင် ဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်ဘုရား။ ထို့အတူ တိုင်းရင်းသားမျိုးစုံ ပါဝင်ဆောင်ရွက်ခဲ့သော ထိုအမျိုးသားညီလာခံကြီးမှ ထွက်ပေါ်လာမည့်အခြေခံဥပဒေများသည် မိမိနိုင်ငံ၏ကံကြမ္မာကို မိမိဖန်တီးနိုင်ခွင့်ရှိသော အချက်များနှင့် အခြားတိုင်းတစ်ပါးမှ ဝင်ရောက်စွက်ဖက်ခြင်းမပြုနိုင်ရန် ပြဋ္ဌာန်းထားသော အချက်အလက်များကို ဗိုလ်ကျစိုးမိုးခြယ်လှယ်လိုသော ပြည်ပနိုင်ငံကြီးတချို့မှ လုံးဝလိုလားနှစ်သက်ခြင်းမရှိသဖြင့် ၎င်းတို့အား လိုလားသည့် ပြည်တွင်းအဖျက်သမားလူတစ်စုဖြင့် ပူးပေါင်းကာ နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးနေခြင်းဖြစ်ပါသည် ဘုရား။

ယနေ့နိုင်ငံတော်တွင် လမ်းပေါ်တက်၍ စီတန်းလမ်းလျှောက်ဆန္ဒပြနေသည့် အဖြစ်အပျက်များမှာ ပြည်ပမှ စနစ်တကျစီမံချက်ချ၍ ဆောင်ရွက်နေသည့် နည်းလမ်းတစ်ခုဖြစ်ပါသည်ဘုရား။

သွေးထိုးမြှောက်ပင့်

ပြည်တွင်း/ပြည်ပ အဖျက်သမားအုပ်စုတို့သည် ၎င်းတို့အတွက် အကျိုးရှိမည်ဆိုလျှင် ဘာသာ၊ သာသနာကိုပင်လျှင် အလွတ်မပေးဘဲ ကျောင်းသင်္ခမ်းများအတွင်း ပရိယတ္တိစာပေ အပတ်တကုတ် ကြိုးပမ်းအားထုတ်နေကြသော သံဃာငယ်များကိုပင် သွေးထိုးမြှောက်ပင့်၍ လမ်းပေါ်ဆွဲတင်ကာ လမ်းလျှောက်စေခဲ့ပါသည် ဘုရား။

ယင်းပြည်တွင်း/ပြည်ပအဖျက်သမားများအနေဖြင့် ပထမကာလပိုင်းတွင် ကျောင်းသား၊ အလုပ်သမား၊ ပြည်သူလူထုအတွင်း စိမ့်ဝင်ထိုးဖောက်၍ စည်းရုံးလှုံ့ဆော်ခဲ့သော်လည်း ၁၉၈၈ခုနှစ်တွင် ၎င်းတို့၏ မြှောက်ပင့်သွေးထိုးမှုကြောင့် မိမိတို့လူမျိုးအချင်းချင်း လူစည်ကားသည့် လမ်းလယ်ကောင်မှာပင် အရှင်လတ်လတ် ခေါင်းဖြတ်သတ်ခဲ့သည့် မြင်ကွင်းအတွေ့အကြုံများကို သိရှိတွေ့မြင်စဉ်းစားမိသည့် ပြည်သူလူထုမှာ ဆူပူမှုကိုမလိုလားကြသဖြင့် ၎င်းတို့၏နိုင်ငံရေး သွေးထိုးမှုကို ကြံ့ကြံ့ခံ၍ တွန်းလှန်ရပ်တည်နိုင်ခဲ့ပါသည် ဘုရား။

ဆူပူလိုသူများက ဝိနည်းသိက္ခာဖြင့် ရဟန်းတရား အားထုတ်နေကြသော စာသင်တိုက်များကို ခြိမ်းခြောက်မှုနှင့်ပတ်သက်၍ လက်တွေ့ဖြစ်စဉ်တစ်ရပ်ကို တင်ပြပါမည်အရှင်ဘုရား။ စက်တင်ဘာလ ၂၄ရက်နေ့ ၂နာရီခွဲခန့်တွင် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်သို့ ဆန္ဒပြသံဃာတော် ၃၅၀ခန့်နှင့် NLD ပါတီဝင် ၅၀ခန့်တို့ ရောက်ရှိလာပြီး ကျောင်းတိုက်အရှေ့ဘက် ကပ်လျက်ရှိသော ကျောင်းဆောင်များကို ရေသန့်ဘူးများဖြင့် ပစ်ပေါက်သဖြင့် မှန်ပြတင်းပေါက်များ ပျက်စီးသွားခဲ့ပါသည်အရှင်ဘုရား။

ခြိမ်းခြောက်ပြောဆို

ထိုကဲ့သို့ လူထုအား သွေးထိုးလှုံ့ဆော်၍မရသောအခါ လူမှုရေး၊ နိုင်ငံရေးကိစ္စများကို လေ့လာမှတ်သားစိတ်ဝင်စားခြင်းမရှိဘဲ ဘုရား၏ တရားတော်စကားများဖြင့်သာ မွေ့လျော်နေကြသဖြင့် နိုင်ငံရေးကို အသိမကြွယ်၊ နားမလည်နိုင်ကြသည့် ရဟန်း သံဃာငယ်များအတွင်းသို့ စိမ့်ဝင်ထိုးဖောက်စည်းရုံးလှုံ့ဆော်ခဲ့ပါသည်ဘုရား၊ စည်းရုံးသည့်အထဲတွင်လည်း လူထုဒုက္ခရောက်နေ၍ ကယ်တင်ရမည့် လူစွမ်းကောင်းတို့၏ပုံသဏ္ဌာန်ဖြင့် နိုင်ငံတော်အစိုးရအပေါ်တွင် အဆိုးမြင်ဝါဒဖြင့် သာမန်အားနည်းချက်များကိုပင် ကြီးမားသော ချို့ယွင်းချက်များအဖြစ် ပုံကြီးချဲ့လုပ်ကြံဝါဒဖြန့် လှုံ့ဆော်ခဲ့ပါသည်။ အချို့ကိစ္စများတွင် သံဃာငယ်များ မခံချင်အောင် မည်သို့မည်ပုံ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်သည်ကို ပန်းချီပုံတူဆွဲ၍သော်လည်းကောင်း၊ ၎င်းတို့ကိုယ်တိုင် သရုပ်ဆောင်ရိုက်ကူးပြီးလျှင် အင်တာနက်တွင် လုပ်ကြံထုတ်လွှင့်ခြင်း၊ ကျောင်းတိုက်ကြီးများသို့ ၎င်းတို့ မွေးမြူထားသော အမာခံများမှတစ်ဆင့် တယ်လီဖုန်းဖြင့်ခြိမ်းခြောက်ခြင်း၊ ဆန္ဒပြမထွက်လျှင် စာရင်းကောက်ယူ၍ ကမ္ဘာသိအောင် အင်တာနက်တွင် ဖော်ပြမည်ဟု ခြိမ်းခြောက်ပြောဆိုခြင်း၊ အပြင်မထွက်ရဲသူများ ထဘီပို့လိုက်ရမည်လား ဟူသော စကားလုံးများဖြင့် မခံချင်အောင် ခြိမ်းခြောက်နှိပ်စက်နေခြင်း စသည့် နည်းလမ်းမျိုးစုံ အသုံးပြုခဲ့သောကြောင့် အပြင်ထွက်ရန်ဆန္ဒမရှိသော သံဃာငယ် ကိုရင်အချို့သည် ရောယောင်၍ လမ်းပေါ်သို့ ရောက်ရှိလာပါသည်ဘုရား၊ သို့ရာတွင် လမ်းပေါ်ထွက်သည်ဆိုသော သံဃာထုမှာ နေရာတစ်ခုတည်းတွင် အစုအဝေးရှိနေသဖြင့် များသည်ဟုထင်မှတ်သော်လည်း ၎င်းအင်အားစုမှာ သံဃာ ၂ရာခိုင်နှုန်းမျှဖြင့် မရှိပါဘုရား၊ ၉၈ရာခိုင်နှုန်းကျော် ကောင်းမွန်စွာ သာသနာပြုလိုကြသည့် သံဃာထုမှာ အများစုဖြစ်ပါသည်ဘုရား၊ ၎င်းတို့ဖြစ်စေချင်၊ ပြောစေချင်သည့်ဆန္ဒကို သံဃာငယ်များအား ပြည်ပ သတင်းမီဒီယာများမှ တစ်ဆင့်ညွှန်ကြားကာ ပြောစေ၊ လုပ်ဆောင်စေခြင်းများ ပြုလုပ်စေခြင်းသာဖြစ်ပါသည်ဘုရား။

စာမျက်နှာ ၁၀ ကော်လံ ၁

ပြည်တွင်း/ပြည်ပ အဖျက်သမားအုပ်စုတို့သည် ၎င်းတို့အတွက် အကျိုးရှိမည်ဆိုလျှင် ဘာသာ၊ သာသနာကိုပင်လျှင် အလွတ်မပေးဘဲ ကျောင်းသင်္ခမ်းများအတွင်း ပရိယတ္တိစာပေ အပတ်တကုတ် ကြိုးပမ်းအားထုတ်နေကြသော သံဃာငယ်များကိုပင် သွေးထိုးမြှောက်ပင့်၍ လမ်းပေါ်ဆွဲတင်ကာ လမ်းလျှောက်စေခဲ့။

စာမျက်နှာ ၉ မှ

အဆိုးရွားဆုံးသောအချက်မှာ မိမိတို့အား စာပေသင်ကြားပို့ချပေးခြင်း၊ နေရာထိုင်ခင်းခွင့်ပြုခြင်း၊ ဆွမ်းကွမ်းကိစ္စအဆင်ပြေအောင် ဆောင်ရွက်ပေးခဲ့ကြသည့် နှစ်နှင့်ချီ၍ အတူနေလာကြသော မိမိဆရာတော်ကြီးများ၏စကားကိုပင် နားမထောင်တော့ဘဲ တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးဘဲ၊ ဘာတစ်ခုမှလည်း မိမိကို ကောင်းမှုကုသိုလ်မပေးစွမ်းသည့် ပြည်တွင်း/ပြည်ပ အဖျက်သမားများနှင့် BBC၊ VOA၊ RFA နှင့် DVB တို့၏ ပြောသောစကားများကို တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်စေခဲ့ပါသည်ဘုရား၊ တပည့်တော်တို့ သိရှိရသလောက် ကျောင်းထိုင်နာယကဆရာတော်ကြီးများ၊ တိုက်အုပ်/တိုက်ကြပ် ဆရာတော်ကြီးများမှ မိမိတို့တပည့်များ ပြောဆိုမရသဖြင့် စိတ်မကောင်း၊ ဝမ်းနည်းစွာဖြင့် ကြည့်နေကြရသည့်အဖြစ်ကို ရောက်ရှိခဲ့ရပါသည် ဘုရား။

သံသယစိတ်

ထို့ထက်ဆိုးရွားသည်မှာ ၎င်းတို့ သပ်လျှိုသွေးခွဲပြီးသည့်နောက် ကျောင်းတိုက်ကြီးများအတွင်း တပည့်နှင့်ဆရာ မယုံကြည်စိုးရွံ့နေသကဲ့သို့ သံဃာအချင်းချင်းလည်း သူ့လူကိုယ့်လူ ပုံစံမျိုးဖြင့် တစ်ပါးကိုတစ်ပါး သံသယစိတ်အကြည့်ဖြင့် ကြည့်နေကြကာ စိတ်မချမ်းမြေ့စရာအဖြစ်မျိုးနှင့် ရင်ဆိုင်နေရပါသည် ဘုရား။

ဤကိစ္စမျိုးမဖြစ်ပေါ်စဉ်အခါက ဆရာဖြစ်သည့် ရဟန်းတော်များ၊ ဒကာဖြစ်သည့် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့သည် သာသနာတော်ကြီးကို စိတ်ချမ်းမြေ့စွာဖြင့် စိတ်တူကိုယ်တူ ပြုစုစောင့်ရှောက် တည်ထောင်လာခဲ့သည်မှာ ယနေ့ မြန်မာနိုင်ငံအတွင်းတွင် ၁၉၈၈ခုနှစ်မှ ၂၀၀၇ခုနှစ်အတွင်း နိုင်ငံတော်အစိုးရ၏ သာသနာတော်ကို ချီးမြှောက်မှုတို့ဖြင့် အဟောင်းများမှ အသစ်ဖြစ်လာသည်များအပြင် အသစ်များလည်း တိုးပွားနေလျက်ရှိရာ နိုင်ငံတစ်ဝန်းလုံးတွင် ဘုရားစေတီ၊ ဇရပ်၊ တန်ဆောင်း၊ ကျောင်းကန်များ အများအပြား တိုးပွားလျက်ရှိသည်ကို တွေ့မြင်နေရပါသည် ဘုရား။

အပြစ်ကြီးလေး

ယခုအခါ ပြည်တွင်း/ပြည်ပ အဖျက်သမားများ၏ သွေးထိုးမှုကြောင့် သံဃာငယ်များ (၎င်းတို့အဆို မေတ္တာပို့ ပရိတ်ရွတ်သည်)ဆိုသော်လည်း အမှန်တကယ် အစစ်အမှန်မှာ ဆန့်ကျင်ဆန္ဒပြနေသည့် မြင်ကွင်းများကို ဒကာ၊ ဒကာမများ တွေ့မြင်ရသည်မှာ လွန်စွာမှပင် စိတ်ဆင်းရဲ၊ သောကရောက်ရပါသည် ဘုရား၊ စီတန်းလမ်းလျှောက်သော သံဃာတစ်စုကိုတွေ့မြင်ပြီး သံဃာထုအပေါ် အရိုအသေတန် စိတ်ဖြင့်ပြစ်မှားမိပါကလည်း ဒကာ၊ ဒကာမများအတွက် လွန်စွာမှပင် အပြစ်ကြီးလေးလှပါသည် ဘုရား။

ယခု သံဃာငယ်များ ဆန္ဒပြမှုပြုလုပ်ပြီးသည့်နောက်ပိုင်းတွင် ယခင်က သံဃာတော်များနှင့် အကျွမ်းတဝင် ကြည်ညိုရင်းရှိသည့် ဒကာများသည် ပင်လျှင် ကျောင်းတိုက်များသို့သွားရန် ရွံ့ကြောက်နေပါသည် ဘုရား၊ မိမိတို့ကိုးကွယ်သည့် သံဃာများအား ဒကာများက ကြောက်ရွံ့နေသည် ဆိုလျှင် မိမိတို့ သံဃာတော်အတွက် အနုတ်လက္ခဏာ ဖြစ်နေပါသည် ဘုရား၊ ဗမာပြည်ကွန်မြူနစ် မြေအောက်ယူဂျီများ၊ ABSDFနှင့် အခြားအကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှုကြောင့် ဒကာအရင်း၏စီးပွားဥစ္စာပျက်အောင် ထိုဒကာကိုးကွယ်သည့် ကျောင်းမှပင် ဖျက်ဆီးခဲ့သည့်အဖြစ်မျိုးဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ဆရာ/ဒကာ တစ်ဦးကိုတစ်ဦး မယုံသင်္ကာစိတ်ဖြင့် စိုးထိတ်နေကြရသည်အထိ မြေအောက်ကွန်မြူနစ်များမှ လုပ်ဆောင်နိုင်ခဲ့ကြပါသည် ဘုရား။

ကမ္ဘာတွင် ထင်ရှား

တပည့်တော်တို့ **မြန်မာနိုင်ငံ၏ ထင်ရှားကျော်ကြားသည့် အချက်တစ်ခုတွင် ဗုဒ္ဓ၏ဒေသနာများကို စစ်စစ်မှန်မှန်၊ ပြည့်ပြည့်ဝဝ လိုက်နာကြသည့် ရဟန်းသံဃာ၊ ကပ္ပိယ၊ ဒကာ/ဒကာမတို့၏ ဗုဒ္ဓတရားတော်များအပေါ် ကြည်ညိုကျင့်သုံး လိုက်နာဆောင်ရွက်မှုကြောင့် ထေရဝါဒ ဗုဒ္ဓနိုင်ငံစစ်စစ်အဖြစ် ကမ္ဘာတွင် ထင်ရှားနေခြင်းဖြစ်ပါသည် ဘုရား။**

ထိုကဲ့သို့ **ဗုဒ္ဓဘာသာနိုင်ငံအချင်းချင်းကပင် အထင်ကြီးခဲ့ကြသည့် မြန်မာဘုန်းတော်ကြီးများ၏ သီလဂုဏ်၊ သမာဓိဂုဏ်နှင့် ပြည့်စုံသည့် စရဏအကျင့်အကြံ အစစ်အမှန်ကို မသိကြသည့် အခြားနိုင်ငံမှပုဂ္ဂိုလ်များသည် ယနေ့စီတန်းလမ်းလျှောက်ပြနေသော သံဃာငယ်များ၏ရှုခင်းကို ကိုယ်တိုင်မြင်တွေ့သွားပါက ၎င်းကို အကြောင်းပြု၍ ဗုဒ္ဓဘာသာအပေါ်လည်း အထင်သေးသွားနိုင်ပါသည် ဘုရား။**

လုပ်ကြံဖန်တီး

ထို့အပြင် ယင်းကဲ့သို့ စီတန်းလမ်းလျှောက်သည့် ပုံများအား ၎င်းအဖျက်သမားတို့၏သတင်းမီဒီယာများမှရိုက်ကူးထုတ်လွှင့်ပြသသည်မှာ မြန်မာနိုင်ငံတွင် မငြိမ်မသက်၊ ဆူပူနေသယောင် လုပ်ကြံဖန်တီးချင်သည်ကတစ်ကြောင်း ဖြစ်သည့်အပြင်၊ အခြားတစ်ဖက်တွင် မြန်မာဗုဒ္ဓဘာသာ ရဟန်းတော်များအပေါ် အလံကိုင်စီတန်းလမ်းလျှောက်နေသည့် မြင်ကွင်းကိုကြည့်ပြီး သံဃာ့ဂုဏ်ကို မှေးမှိန်စေရန် တမင်ဖန်တီးသည်လည်း ဖြစ်နိုင်ပါသည် ဘုရား။

အဖျက်သမားများက စွမ်းအင်လောင်စာဆီ ဈေးကြီးသည်၊ ကုန်ဈေးနှုန်းကြီးမားသည်၊ ပြည်သူလူထုကျပ်တည်းသည်ဆိုသည့် အချက်များကို အကြောင်းပြ တောင်းဆိုသည်ဆိုသော်လည်းပဲ ထိုလောင်စာဆီဈေးကြီးမြင့်မှုသည် အခိုက်အတန့်၊ အခက်အခဲအနည်းငယ် ရှိနိုင်သော်လည်း ပြည်သူ/လူထု ကျပ်တည်းစိုးရိမ်ထိတ်လန့်လောက်အောင်မဖြစ်နိုင်ခဲ့ပါ ဘုရား။

စိုးရိမ်ထိတ်လန့်

ပြည်သူ/လူထုက လက်တွေ့အမှန်တကယ် စိုးရိမ်ထိတ်လန့်ကြောက်ရွံ့နေသည်မှာ ၁၉၈၈ခုနှစ်ကကဲ့သို့ ကျီးလန့်စာစား၊ မငြိမ်မသက်၊ လုံခြုံရေးနှင့် အုပ်ချုပ်ရေးကင်းမဲ့သည့်၊ ဥပဒေမဲ့ တရားလက်လွတ်အဖြစ်အပျက်မျိုးကိုသာ အမှန်တကယ်စိုးရိမ်ထိတ်လန့်နေကြခြင်းဖြစ်ပါသည် ဘုရား။

အချို့ဆန္ဒပြမှုရှိနေသော မြို့/ရပ်ကွက်ဒေသရပ်ဝန်းများသည် ပင်လျှင် အသွားအလာ အရောင်းအဝယ်များ လျော့နည်းချို့ယွင်းပျက်ကွက်နေသဖြင့် လူထုမှာအမှန်တကယ်စိတ်ပျက်လျက်ရှိပါသည်။ ထို့ထက် လူထုစိုးရိမ်သည်မှာ သံဃာထုနောက်မှ အယောင်ပြလိုက်နေကြသည့် အဖျက်သမားတစ်စုနှင့် မသမာမှုများကိုပြုလုပ်ရန် ဝန်မလေးသည့် ဒုစရိုက်သမားလူတစ်စုမှာ အနည်းငယ်မျှ ရတ်ရတ်သဲသဲဖြစ်သည်နှင့် လုယက်ရန်တာစူနေသည်ကို ပြည်သူလူထုမှ အကြောက်ဆုံးဖြစ်နေသဖြင့် လမ်းတစ်လျှောက်ရှိ ဆိုင်ကြီးဆိုင်ငယ်များ ပိတ်ထားသည်ကို တွေ့မြင်ရပါသည် ဘုရား။

ကြိုးပမ်းအားထုတ်

မိမိတို့ဒေသအလိုက် တာဝန်ရှိသူတို့အနေဖြင့်လည်း မသမာသူလူတစ်စု၏ မြှောက်ထိုးမှုကြောင့် သွေးဆူနေသော သံဃာငယ်ထုအား တားဆီးရန်ဝန်လေးနေကြသကဲ့သို့ တစ်ဖက်မှာလည်း ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို အကာအကွယ်ပေးရန်တာဝန်ရှိနေသောကြောင့် ဤပြဿနာမျိုးကို အကောင်းဆုံးသောနည်းလမ်းဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်ရန် စိတ်ပင်ပန်း၊ လူပင်ပန်းစွာဖြင့် ကြိုးပမ်းအားထုတ်နေရပါသည် ဘုရား။

တာဝန်ရှိသူများအနေဖြင့် အခြေအနေအရပ်ရပ်ကို အမှားအယွင်းနည်းနိုင်သမျှ နည်းအောင် တွေးတော၊ ကြံဆလုပ်ကိုင်နေကြရသော်လည်း ပြည်တွင်း/ပြည်ပအဖျက်သမားတစ်စုကတော့ ရဟန်းသံဃာငယ်များအား ဥပဒေချိုးဖောက်ကျူးလွန်အောင် ဓားစာခံအဖြစ်ဖြင့် တွန်းထိုးစေလွှတ်နေပါသည် ဘုရား။

အကာအကွယ်ပေး

တာဝန်ရှိသူများအနေဖြင့်လည်း အဖျက်သမားများဖြစ်စေချင်သည့် ဖြစ်ရပ်များမဖြစ်ပေါ်စေရန် အတတ်နိုင်ဆုံးနှင့် အညင်သာဆုံး ဆောင်ရွက်၍ ပြည်သူလူထုကိုလည်း တစ်ဖက်မှ အကာအကွယ်ပေးနေရပါသည် ဘုရား။

ယခု သံဃာငယ်များလမ်းမပေါ်ထွက်၍ စီတန်းလမ်းလျှောက်စေရန် ကြိုးကိုင်လုပ်ဆောင်နေသည့်ပုဂ္ဂိုလ်မှာ ၁၉၈၈ခုနှစ် အရေးအခင်းကာလ၌ ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်သွားသော ရဟန်းပျိုအဖွဲ့ ဥက္ကဋ္ဌဆိုသူ ဦးခေမာစာရဖြစ်ပါသည်ဘုရား။ ထိုပုဂ္ဂိုလ်မှတယ်လီဖုန်းဖြင့် တိုက်ရိုက်ညွှန်ကြားရာတွင် ယခုနိုင်ငံတော်အစိုးရအား ဆန့်ကျင်သည့်အဖွဲ့များကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားရန်နှင့် တစ်ချိန်တည်းတစ်ပြိုင်တည်းမှာပင် လက်ရှိတရားဝင်ဖွဲ့စည်းထားသော သံဃာ့အဖွဲ့အစည်းအား ပျက်စီးစေရန်ရည်ရွယ်၍ မြို့နယ်၊ ခရိုင်၊ တိုင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အစည်းများကို ပုဂ္ဂိုလ်ရေးအရ ပုတ်ခတ်ခြင်း၊ အဖွဲ့အစည်းအား ပြစ်မှားပြောဆိုခြင်း၊ နေရာ တိုင်းတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌများ၏အမိန့်ကိုမနာခံဘဲ ဆန့်ကျင်ဖီဆန်ရန် စနစ်တကျစီမံလုပ်ဆောင်ခြင်းတို့ကို ပြုလုပ်လျက်ရှိပြီး ၎င်းတို့အလိုကျ နိုင်ငံရေးလှုပ်ရှားမှုများကို သံဃာ့ကိစ္စအသွင်သဏ္ဌာန် စီမံဖန်တီး လုပ်ဆောင်လျက်ရှိပါသည် ဘုရား၊ ၎င်းအပြင် အနောက်အုပ်စုမှဆရာကြီးဆိုသူများမှလည်း ပြည်တွင်းရှိ ဆန့်ကျင်ဘက်အုပ်စုများအား တိုက်ရိုက်တယ်လီဖုန်းဖြင့် အမိန့်ပေး၍သော်လည်းကောင်း၊ BBC, VOA, RFAနှင့် DVBတို့မှ အမေးအဖြေပြုလုပ်သောနည်း၊ မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်သောနည်းများဖြင့်လည်း မြန်မာပြည်ကြီး မငြိမ်မသက်၊ ဆူပူအုံကြွအောင် ကြိုးစားအားထုတ်လျက်ရှိပါသည် ဘုရား။

ဖြောင်ကျကျပြုလုပ်

မြန်မာနိုင်ငံအား စီးပွားရေးကျဆင်းစေရန်အတွက် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံထားသော စက်ရုံအလုပ်ရုံများကို ပိတ်ပစ်ပြီး အလုပ်လက်မဲ့များဖြစ်အောင် ၎င်းတို့ပင်ကြံဆောင်ခဲ့ပါသည်။ မြန်မာနိုင်ငံကို ကူညီပံ့ပိုးမည့်ကိစ္စမှန်သမျှကိုလည်း စီးပွားရေးပိတ်ဆို့မှုများ အပါအဝင်နည်းမျိုးစုံဖြင့် ဖြောင်ကျကျပြုလုပ်လျက်ရှိပြီး အနည်းငယ်သော စီးပွားရေးမတည်မငြိမ်အခက်အခဲရှိသည့်အခါတွင်မူ ၎င်းတို့လုပ်ဆောင်ချက်မပါဘဲ နိုင်ငံတော်အစိုးရကိုသာ အပြစ်ပုံချလျက်ရှိသည်ကို ပြည်သူလူထုအနေဖြင့်လည်း သိရှိနေပြီး ဖြစ်ပါသည် ဘုရား။

ထိုကဲ့သို့ ပြည်တွင်း/ပြည်ပအဖျက်ပယောဂများကြောင့် သာသနာတော် ညှိုးနွမ်းမည့်အန္တရာယ်မှာ တစ်နေ့တခြားနီးကပ်လာလျက်ရှိပါသည် အရှင်ဘုရား၊ သို့ပါ၍ သာသနာတော်ကို စောင့်ရှောက်လျက်ရှိကြကုန်သော ဆရာတော်အရှင်သူမြတ်များက အမျိုး၊ ဘာသာ၊ သာသနာအကျိုးကိုမျှော်ကိုးလျက် လမ်းညွှန်ဩဝါဒမိန့်ကြားပေးတော်မူပါရန် ဘုရားတပည့်တော် ရှိသေစွာလျှောက်ထားအပ်ပါသည် ဆရာတော်အရှင်သူမြတ်တို့ဘုရား။ ။

မြန်မာနိုင်ငံသည် ဗုဒ္ဓ၏ ဒေသနာများကို စစ်စစ်မှန်မှန်၊ ပြည့်ပြည့်ဝဝ လိုက်နာကြသည့် ရဟန်းသံဃာ၊ ကပ္ပိယ၊ ဒကာ/ဒကာမတို့၏ ဗုဒ္ဓတရားတော်များ အပေါ် ကြည်ညိုကျင့်သုံးလိုက်နာ ဆောင်ရွက်မှုကြောင့် ထေရဝါဒ ဗုဒ္ဓနိုင်ငံစစ်စစ်အဖြစ် ကမ္ဘာတွင် ထင်ရှား။

ကျောဖုံးမှ

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

လျှောက်ထားတင်ပြ

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားတင်ပြသည်။

(ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၏ လျှောက်ထားတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက ဩဝါဒပြန်လည်မိန့်ကြားသည်။

(မကွေးဆရာတော်ကြီး မိန့်ကြားသည့် ဩဝါဒကို သီးခြားဖော်ပြထားပါသည်။)

အရေးယူဆောင်ရွက်မည်

ဆက်လက်၍ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများက ထပ်မံအကြံပြုရန်မရှိကြောင်း မိန့်ကြားတော်မူရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးက ထပ်မံဖြည့်စွက်လျှောက်ထားရာတွင် လိုက်နာရန် သတ်မှတ်ချက်များကို လိုက်နာရန် ဓမ္မစက်ဖြင့် ဆောင်ရွက်ခြင်းအပေါ် လိုက်နာမှုမရှိပါက လုပ်ထုံးလုပ်နည်းဥပဒေကြောင်းအရ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လျှောက်ထားပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

စာမျက်နှာ ၇ မှ

စာအမှတ်၊ ၃၃၀/၁/၈၅/(ဝိ) ညွှန်-မဟန
ရက်စွဲ၊ ၁၃၅၇ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်
(၁၉၉၆ခုနှစ်၊ မတ်လ ၂၆ ရက်)

ညွှန်ကြားလွှာအမှတ် (၈၅)

အကြောင်းအရာ။ ။ ဗုဒ္ဓသာသနာတော် ဂုဏ်ကျက်သရေ ညှိုးမှိန်စေသောအမှုများကို ကျူးလွန်သော ရဟန်းသာမဏေများအား အရေးယူရေးကိစ္စ။

၁။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် အကျင့်ပျက်ရဟန်းများ အရေးယူရေးကိစ္စနှင့် ပတ်သက်၍ ညွှန်ကြားလွှာ အမှတ်(၂၄)ဖြင့်လည်းကောင်း၊ ဝိနည်းသိက္ခာပုဒ်တော်များဖြင့် တားမြစ်အပ်သော ပွဲလမ်းသဘင်များကို ကြည့်ရှုသော ရဟန်းသာမဏေများအား ဆုံးမဩဝါဒပေးရေးနှင့် ပတ်သက်၍ ညွှန်ကြားလွှာ အမှတ်(၃၀)ဖြင့်လည်းကောင်း တစ်ပါးချင်းဖြစ်စေ၊ အုပ်စုဖွဲ့၍ဖြစ်စေ ဝိနည်းသိက္ခာပုဒ်တော်များနှင့် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော တရားဥပဒေများကို ဆန့်ကျင်၍ အကြမ်းဖက် ကျူးလွန်နေကြသော ရဟန်းသာမဏေများကိစ္စနှင့် ပတ်သက်၍ ညွှန်ကြားလွှာ အမှတ်(၆၅)ဖြင့်လည်းကောင်း၊ ကျောင်းထိုင်ဘုန်းကြီးနှင့် ခန်းနေရဟန်းသာမဏေတို့ လိုက်နာကျင့်သုံးရန် ဓမ္မဝိနယနှင့်အညီ စည်းကမ်းကျင့်ဝတ်များကို ညွှန်ကြားလွှာအမှတ် (၇၂)ဖြင့်လည်းကောင်း၊ ကျောင်းတိုက်စည်းမျဉ်း စည်းကမ်းမလိုက်နာမှု၊ ညွှန်ကြားလွှာအမှတ်(၇၂)ပါ စည်းကမ်းကျင့်ဝတ်များကို မလိုက်နာမှု၊ ဘုန်းတော်ကြီးကျောင်းအဖြစ် အသိအမှတ်မပြုသော အဆောက်အအုံ၌ဖြစ်စေ၊ မဆောက်လုပ်ရန် တားမြစ်ထားပါလျက် ဆက်လက်ဆောက်လုပ်နေသော အဆောက်အအုံ၌ဖြစ်စေ သီတင်းသုံးနေထိုင်မှုများနှင့် ပတ်သက်၍ ညွှန်ကြားလွှာအမှတ် (၇၅)ဖြင့်လည်းကောင်း ညွှန်ကြားခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်းသာမဏေများ အနေဖြင့် ဝိနည်းတရားတော်နှင့်အညီ ကျင့်သုံးနေထိုင်နိုင်ကြရေးအတွက် ၁၃၅၆ခုနှစ်၊ တပေါင်းလဆန်း ၁၃ရက် (၁၉၉၅ခုနှစ်၊ မတ်လ၁၃ရက်)နေ့တွင် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပသော စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက ရဟန်းသာမဏေများလိုက်နာရန် စည်းမျဉ်းဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

၃။ ယင်းစည်းမျဉ်းဥပဒေ(၃၁)ချက်အနက် ဖော်ပြလတ္တံ့ပါအချက်များမှာ ဗုဒ္ဓသာသနာတော် ဂုဏ်ကျက်သရေညှိုးမှိန်စေသော အချက်များဖြစ်ပါသည်-

(က) မြို့တွင်းရွာတွင်း ဝင်ထွက်သွားလာရာ၌ သင်္ကန်းမရုံဘဲသွားလာခြင်း။ (အပိုဒ်-၇)

(ခ) ကျောင်းထိုင်ဘုန်းတော်ကြီးနှင့် ပဓာနနာယက ခွင့်ပြုချက်မရှိဘဲ နေမွန်းလွဲအခါ မြို့ရွာတွင်း လှည့်လည်သွားလာမှုများပြုလုပ်ခြင်း။ (အပိုဒ်-၈)

(ဂ) သာသနာတော်၏ ခြောင့်တံသင်းသဖွယ်ဖြစ်၍ ရဟန်းသာမဏေတို့နှင့် မလျော်မလျောက်ပတ်သည့် လှေပွဲ၊ ဆင်ပွဲ၊ မြင်းပွဲသဘင် ပျော်ရွှင်မြူးထူး ပြိုင်ဆိုင်ရာ အရပ်များသို့ သွားလာကြည့်ရှုနေထိုင်ခြင်း၊ ဆိုင်း၊ ဇာတ်၊ ရုပ်စုံ၊ ပွဲသဘင်မှစ၍ အရပ်ရပ်ပွဲသဘင်များကို သွားရောက် ကြည့်ရှု၊ နားထောင်ခြင်း၊ လောင်းကစားမှု အမျိုးမျိုးကို ပြုလုပ်ခြင်း။ (အပိုဒ်-၂၅)

(ဃ) ရောင်းဝယ်ဖောက်ကားရာဖြစ်သော ဈေးပြင်ကနားအရပ်တို့သည် ယောကျ်ားမိန်းမတို့ ပွမ်းတီးရောနှောရာအရပ်ဖြစ်၍ ရဟန်းသာမဏေတို့ သွားလာခြင်းငှာ လျောက်ပတ်သောအရပ် မဟုတ်သောကြောင့် ဈေးပြင်ကနားများသို့ ရဟန်းသာမဏေများ တိုးဝှေ့သွားလာခြင်း။ (အပိုဒ်-၂၇)

(င) လူမြင်ကွင်း၌လည်းကောင်း၊ စားသောက်ဆိုင်များ၌လည်းကောင်း နေလွဲ ညစာစားသုံးခြင်း၊ မော်တော်ယာဉ်အမိုးပေါ်၌ တက်စီးခြင်း၊ မော်တော်ယာဉ်နောက်၌ တွယ်စီးခြင်း၊ ဘူတာရုံ၊ ကားဆိပ်၊ စားသောက်ဆိုင် စသည်တို့၌ သပိတ်ဖြင့် တွန်းထိုး၍လည်းကောင်း၊ လက်ဖြင့် တို့၍လည်းကောင်း၊ သာသနာတော်ဂုဏ်သိက္ခာ ညှိုးမှိန်စေမည့် အလှူခံနည်းများဖြင့် အလှူခံခြင်း။ (အပိုဒ်-၂၉)

၄။ အထက်အပိုဒ်(၃)ပါ ဗုဒ္ဓသာသနာတော် ဂုဏ်ကျက်သရေညှိုးမှိန်စေသည့် အမှုများကို ပြုလုပ်ကျူးလွန်သည့် ရဟန်းသာမဏေများကို ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရေးအတွက် အာဏာစက် ပံ့ပိုးကူညီဆောင်ရွက်ပေးရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ မေတ္တာရပ်ခံခဲ့ရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ယင်းစည်းမျဉ်းဥပဒေအပိုဒ် (၇၊ ၈၊ ၂၅၊ ၂၇၊ ၂၉) တို့ကို ကျူးလွန်သော ရဟန်းသာမဏေများကို တွေ့ရှိပါက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ပြဋ္ဌာန်းထားသည့် သံဃာ့အဖွဲ့အစည်းဆိုင်ရာဥပဒေ(၂၀/၉၀)ပါ အခန်း-၃၊ အပိုဒ်(၁၁)နှင့် အခန်း၄၊ အပိုဒ်(၁၄)တို့အရ အရေးယူဆောင်ရွက်သွားရန် ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များသို့ ညွှန်ကြားထားပြီး ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ကျောင်းထိုင်ဘုန်းကြီး၊ ကျောင်းတိုက်ပဓာနနာယကဆရာတော်များအနေဖြင့် မိမိတို့၏ တပည့်ရဟန်းသာမဏေများကို ဗုဒ္ဓသာသနာတော် ဂုဏ်ကျက်သရေညှိုးမှိန်စေမည့်အမှုများ မပြုလုပ် မကျူးလွန်မိစေရေးအတွက် အမြဲမပြတ်ကြီးကြပ်၍ နေ့စဉ် ဆုံးမဩဝါဒများပေးကြရန် ညွှန်ကြားအပ်ပါသည်။

ဘဒ္ဒန္တ သောဘိတ	**ဘဒ္ဒန္တ ကုမာရ**
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက	**အဂ္ဂမဟာပဏ္ဍိတ**
ဥက္ကဋ္ဌဆရာတော်	**အကျိုးတော်ဆောင်ဆရာတော်**

ညွှန်ကြားလွှာအမှတ် (၆၅)

တစ်ပါးချင်းဖြစ်စေ၊ အုပ်စုဖွဲ့၍ဖြစ်စေ ဝိနည်းသိက္ခာပုဒ်တော်များနှင့် နိုင်ငံတော်မှပြဋ္ဌာန်းထားသော တရားဥပဒေများကိုဆန့်ကျင်၍ အကြမ်းဖက်ကျူးလွန်နေကြသော ရဟန်းသာမဏေများကိစ္စ။

(၈၊ ၈၊ ၈၄) (-၁၂၊ ၅၊ ၄၆)

၁။ မြန်မာနိုင်ငံတော်အတွင်း၌ ဝိနည်းသိက္ခာပုဒ်တော်များနှင့် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော တရားဥပဒေများကို တစ်ဦးချင်းဖြစ်စေ၊ အုပ်စုဖွဲ့၍ဖြစ်စေ အကြမ်းဖက် ကျူးလွန်နေကြသော ရဟန်းသာမဏေများနှင့်ပတ်သက်၍ ၁၃၄၆ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်(၁၉၈၄ခုနှစ်၊ ဇွန်လ ၁၁ ရက်) တနင်္လာနေ့တွင်ကျင်းပသော ပထမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဌမအစည်းအဝေးက အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်။

ဝိနည်းသိက္ခာပုဒ်တော်များကိုလည်းကောင်း၊ နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော တရားဥပဒေများကိုလည်းကောင်း၊ တစ်ဦးချင်းဖြစ်စေ၊ အုပ်စုဖွဲ့၍ဖြစ်စေ ဆန့်ကျင်၍ အကြမ်းဖက်ကျူးလွန်နေကြသော ရဟန်းသာမဏေများအပေါ် တိတိကျကျ အရေးယူရေးကိစ္စနှင့်ပတ်သက်၍ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးအား ဩဝါဒပေးရန်နှင့် သံဃနာယကအဖွဲ့အစည်းအဆင့်ဆင့်တို့အား ညွှန်ကြားရန် ဆုံးဖြတ်တော်မူကြသည်။

၂။ **ဖော်ပြပါဆုံးဖြတ်ချက်အရ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန ဝန်ကြီးအား "ထိုကဲ့သို့ အကြမ်းဖက် ပြစ်မှုကျူးလွန်နေကြသော ရဟန်းသာမဏေများအပေါ် ယင်းတို့ကျူးလွန်ထားသော အပြစ်အားလျော်စွာ ထိုက်သင့်သော အပြစ်ဒဏ်ပေးခြင်းသည် သာသနာပြုရာရောက်ကြောင်း" ဩဝါဒပေးထားပြီးဖြစ်သည်။**

၃။ သို့ဖြစ်ပါ၍ အပိုဒ်(၁)ပါ ဆုံးဖြတ်ချက်အတိုင်း ပြစ်မှုကျူးလွန်သူ ရဟန်းသာမဏေများအား သင့်လျော်သောပြစ်ဒဏ်ကို ခံယူနိုင်ရေးအတွက် အာဏာပိုင်အဖွဲ့အစည်းများက ဆိုင်ရာတရားဥပဒေများအရ အရေးယူကြတော့မည်ဖြစ်သဖြင့် မြို့နယ်သံဃနာယကအဖွဲ့များသည် ဖော်ပြလတ္တံ့ပါအတိုင်း ဆောင်ရွက်ကြရန် ညွှန်ကြားလိုက်ပါသည်-

(က) ဝိနည်းသိက္ခာပုဒ်တော်များနှင့် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော တရားဥပဒေများကို ကျူးလွန်မှုမရှိစေရေးအတွက် မိမိတို့မြို့နယ်တွင်းရှိ ရဟန်းသာမဏေများကို ယင်းတို့၏ ကျောင်း/ကျောင်းတိုက်ဆရာတော်များက တိကျသော တိုက်တာစည်းမျဉ်းစည်းကမ်းများဖြင့် ကြပ်မတ်ကွပ်ကဲ၍ ဆိုဆုံးမနိုင်ရန်အတွက် မိမိတို့မြို့ပေါ်ရှိ ကျောင်း/ကျောင်းတိုက်များမှ ဆရာတော်များကို မြို့နယ် သံဃနာယကအဖွဲ့ရုံးသို့ ပင့်ဆောင်၍ လျှောက်ထားရန်နှင့် ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ ဆရာတော်များ သိရှိနိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက ဆရာတော်များအား ထပ်ဆင့်ညွှန်ကြားပေးရန်။

(ခ) ထိုကဲ့သို့ဆုံးမပါလျက် လိုက်နာခြင်းမရှိဘဲ ပြစ်မှုများကို ကျူးလွန်ကြသော ရဟန်းသာမဏေများအား မည်သည့်နည်းမျိုးနှင့်မျှ အကာအကွယ်မပေးရန်။

၄။ ဝိနည်းသိက္ခာပုဒ်တော်နှင့် တရားဥပဒေနှစ်ရပ်လုံးကို ကျူးလွန်နေကြသဖြင့် အရပ်ဆိုးလှသည်မှန်သော်လည်း ထိုပုဂ္ဂိုလ်များအား သံဃနာယကအဖွဲ့အဆင့်ဆင့်တို့က ဝိနည်းသိက္ခာပုဒ်တော်များဖြင့် အရေးယူလိမ့်မည်ဟူသော အယူအဆဖြင့်လည်းကောင်း၊ နိုင်ငံတော်က ပြစ်မှုဆိုင်ရာ တရားဥပဒေများဖြင့် အရေးယူလိမ့်မည်ဟူသော အယူအဆဖြင့်လည်းကောင်း၊ နှစ်ဦးနှစ်ဖက် အထိုက်အလျောက် လျစ်လျူရှုနေခဲ့ကြသည့်သဘောသက်ရောက်ပြီး ပြစ်မှုကျူးလွန်သူတို့အတွက် ကြားချောင် လစ်လပ်ကာ ရဲဝံ့စွာ တစ်ဆင့်ထက်တစ်ဆင့် အပြစ်ကျူးလွန်ရန် အခွင့်အရေးသာနေသကဲ့သို့ ဖြစ်နေသောကြောင့် သံဃနာယကအဖွဲ့အဆင့်ဆင့်တို့က မိမိတို့တာဝန်အရ သာသနာတော်သန့်ရှင်းရေးကို ရည်စူး၍ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဌမအစည်းအဝေး၏ အပိုဒ်(၁)ပါ ဆုံးဖြတ်ချက်ကို အလေးအနက်ထားပြီး ဒေသနာတော်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ကြရန်ဖြစ်ပါသည်။

ဘဒ္ဒန္တ ဝိမလ	**ဘဒ္ဒန္တ ခမာဝုဓ**
(အဂ္ဂမဟာပဏ္ဍိတ)	**(အဂ္ဂမဟာပဏ္ဍိတ)**
ဒုတိယဥက္ကဋ္ဌ ဆရာတော်	**တွဲဖက်အကျိုးတော်ဆောင် ဆရာတော်**

အကြမ်းဖက် ပြစ်မှုကျူးလွန်နေကြသော ရဟန်းသာမဏေများအပေါ် ယင်းတို့ကျူးလွန်ထားသော အပြစ်အားလျော်စွာ ထိုက်သင့်သော အပြစ်ဒဏ်ပေးခြင်းသည် သာသနာပြုရာရောက်။

တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများစတင်

ရန်ကုန် စက်တင်ဘာ ၂၄

၂၀၀၇ ခုနှစ် (၂၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် ဇုန်များ၌ ယနေ့ညနေပိုင်းတွင် စတင်ကျင်းပသည်။

အနိုင်ရရှိ

(က)အုပ်စု မော်လမြိုင်ဇုန်၌ ကျင်းပသော ပြိုင်ပွဲတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ခ)အုပ်စု ပုသိမ်ဇုန်၌ အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (င)အုပ်စု တောင်ငူဇုန်၌ အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဘဏ္ဍာ/အခွန်အသင်း သုံးနှစ်ဆက်တိုက် ဗိုလ်စွဲ

သတင်းနှင့်ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၄

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၇ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယမန်နေ့နံနက် ၉ နာရီခွဲက ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမတွင် ကျင်းပရာ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ယမန်နှစ်ချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းသည် သုံးနှစ်ဆက်တိုက် ဗိုလ်စွဲသွားပြီး အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ဘဏ္ဍာ/အခွန် အမျိုးသမီးအသင်းက ပထမဆုကို ရယူသွားသည်။

အမျိုးသားတစ်ဦးချင်း

အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ အောင်ထွဋ်(ကာကွယ်ရေး)၊ ဒုတိယ ကျော်မြင့်ခိုင်(ဘဏ္ဍာ/အခွန်) နှင့် ပူးတွဲတတိယဆုကို နေအောင်ဝင်း(ကာကွယ်ရေး)နှင့် သက်ကိုကိုလတ်(ဘဏ္ဍာ/အခွန်)တို့က ရရှိသွားသည်။

ရရှိ

အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ဆွေဆွေဟန်(ကာကွယ်ရေး)၊ ဒုတိယ ကြည်ကြည်သန်း(ပြည်ထဲရေး) နှင့် ပူးတွဲတတိယ စန္ဒာမိုး(ဘဏ္ဍာ/အခွန်)နှင့် မာမာစိုး(ဘဏ္ဍာ/အခွန်)တို့က ရရှိသွားသည်။

အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ ပထမ ကျော်မြင့်ခိုင်နှင့် သက်ကိုကိုလတ်(ဘဏ္ဍာ/အခွန်)၊ ဒုတိယ ကိုကိုမင်းအေးနှင့် ဝင်းညီအောင်(ပို့ဆောင်ရေး)၊ ပူးတွဲတတိယ ဇော်နိုင်ဝင်းနှင့် မြင့်လှိုင်(လယ်/ဆည်)၊ ပွင့်လင်းနှင့် နေအောင်ဝင်း (ကာကွယ်ရေး)တို့ ရရှိသွားသည်။

အမျိုးသမီးနှစ်ယောက်တွဲ

အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ ပထမ ဆွေဆွေဟန်နှင့် သိမ့်ယမင်းအေး(ကာကွယ်ရေး)၊ ဒုတိယ အေးအေးမြင့်နှင့် သန္တာအောင်(ကာကွယ်ရေး)၊ ပူးတွဲတတိယ စုစုခင်နှင့် အေးမြတ်သူ(ဘဏ္ဍာ/အခွန်)၊ မာမာစိုးနှင့် စန္ဒာမိုး(ဘဏ္ဍာ/အခွန်)တို့ ရရှိသွားသည်။

အသက် ၁၈နှစ်အောက်ပြိုင်ပွဲ

အမျိုးသား အသက်၁၈နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ သက်ကိုကိုလတ် (ဘဏ္ဍာ/အခွန်)၊ ဒုတိယ ရဲအောင်နိုင်(ဆောက်လုပ်ရေး)၊ ပူးတွဲတတိယ စည်သူနိုင်နှင့် ကြည်လင်း(ကာကွယ်ရေး)တို့ ရရှိသွားသည်။

အမျိုးသားအကောင်းဆုံးအားကစားသမားဆုကို အောင်ထွဋ် (ကာကွယ်ရေး)နှင့် အမျိုးသမီး အကောင်းဆုံးအားကစားသမားဆုကို ဆွေဆွေဟန် (ကာကွယ်ရေး)တို့ရရှိပြီး ဆုများကို အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် အမှုဆောင်များ၊ အောင်မြင်ချမ်းသာမိုင်းနင်းကုမ္ပဏီမှ ဦးဘန်နီချစ်နှင့် တာဝန်ရှိသူများက အလှည့်ကျ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

ပထမရရှိသွားသော ဘဏ္ဍာ/အခွန်အသင်း

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ပထမရရှိသွားသော ဘဏ္ဍာ/အခွန် အမျိုးသားနှင့် အမျိုးသမီးအသင်းအား ဆုယူအပြီး တွေ့ရစဉ်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၄

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Asia- Pacific Institute for Broadcasting Development (AIBD)နှင့် Deutsche Welle (DW) တို့ပူးပေါင်းကျင်းပသော AKADEMIE In-Country Course On Reporting for Radio အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် တာဝန်ရှိသူများ၊ AIBD နှင့် DW- AKADEMIE တို့မှ Project Manager များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက အဖွင့်အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် DW- AKADEMIE Project Manager, Mr. Thorsten Karg နှင့် AIBD Project Manager, Mr. Marcel Gomez တို့က အမှာစကားများပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ယနေ့မှ အောက်တိုဘာ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

၂၄ - ၉ - ၂၀၀၇ ကိုထွေး - စုစည်းတင်ဆက်သည်

မသန်စွမ်းသူများ ဘော်လီဘောပြိုင်ပွဲ ယနေ့ယှဉ်ပြိုင်မည်

၂၀၀၇ ခုနှစ် (၁၉)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ၏ ဘော်လီဘောပြိုင်ပွဲကို စက်တင်ဘာ ၂၅ ရက် **(ယနေ့)**တွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

အောင်ပွဲရ မြန်မာအမျိုးသမီးဘောလုံးအသင်း ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံ အမျိုးသမီး ဘောလုံးပြိုင်ပွဲ၌ အနိုင်ရ ဗိုလ်စွဲခဲ့သော မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းသည် စက်တင်ဘာ ၂၃ ရက် ညပိုင်းက နေပြည်တော် မြို့တော်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်မှ မော်တော်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာကြရာ ည ၉ နာရီခွဲတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်းသို့ ရောက်ရှိကြသည်။

တည်ခင်းဧည့်ခံ

အောင်ပွဲရ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းနှင့် တာဝန်ရှိသူများအား တောင်ငူမြို့အဝင် ကျွန်းကုန်းရှိ (Pioneer) စားသောက်ဆိုင်က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကြသည်။

အောင်ပွဲရ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းသည် အောက်တိုဘာ ၁ ရက် နံနက်ပိုင်းမှစတင်၍ (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေးအတွက် စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

မင်းဘူးမြို့နှင့် မကွေးမြို့ ဧရာဝတီမြစ်စိုးရိမ်ရေမှတ်ကျော်

နေပြည်တော် စက်တင်ဘာ ၂၄

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ မင်းဘူးမြို့နှင့် မကွေးမြို့တို့၌ ၁၇၄၂ စင်တီမီတာသို့ အသီးသီးရောက်ရှိနေပြီး စိုးရိမ်ရေအမှတ်အထက်၌ မင်းဘူးမြို့နှင့် မကွေးမြို့တို့၌ ၄၂ စင်တီမီတာစီ ကျော်လွန်နေသည်။

အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း မင်းဘူးမြို့နှင့် မကွေးမြို့တို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၇၀၀ အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

အမှတ်ပေးပြိုင်ပွဲများ ရပ်နားထားမည်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇-၂၀၀၈ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း၊ ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲများကို စက်တင်ဘာ ၂၅ ရက်မှ စတင်၍ ရပ်နားထားမည်ဖြစ်ပြီး အောက်တိုဘာ ၁ရက်တွင် ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

မန်ယူနှင့်ချယ်လ်ဆီးတို့ ဆုံတွေ့ပြီးနောက်ဝယ်. . .

လန်ဒန် စက်တင်ဘာ ၂၄

ပရီမီယာလိဂ်ပွဲစဉ် (၇) လက်ကျန်ပွဲတွေကို စက်တင်ဘာ ၂၃ရက်က ဆက်လက်ကစားတဲ့အခါ မော်ရင်ဟိုထွက်သွားတဲ့ ချယ်လ်ဆီးအသင်းကို မန်ယူတို့က အိုးထရက်ဖို့ဒ်မှာ ခြေအသာစီးနဲ့ကစားပြီး နှစ်ဂိုးပြတ်အနိုင်ယူခဲ့တာမို့ နည်းပြကောင်းတစ်ဦးရဲ့တန်ဖိုးကို ချယ်လ်ဆီးတို့ လက်တွေ့ခံစားလိုက်ရပြီ ဖြစ်ပါတယ်။

ပယ်နယ်တီအပေးခံရ

ချယ်လ်ဆီးအသင်းဟာ မန်ယူပရိသတ်တွေရှေ့မှောက်မှာ အမှားမှား အယွင်းယွင်းတွေဖြစ်ပြီး လူရှုံး၊ ဘောရှုံး ဖြစ်ခဲ့ရတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ချယ်လ်ဆီးတို့ဟာ ပထမပိုင်း ပွဲချိန်မိနစ် ၃၀ကျော်လောက်မှာ ကတည်းက တစ်ယောက်အထုတ်ခံခဲ့ရပြီး ၁၀ဦးတည်းနဲ့ ကစားခဲ့ရတဲ့အပြင် ပွဲပြီးခါနီးမှာလဲ ပယ်နယ်တီ အပေးခံခဲ့ရလို့ပဲ ဖြစ်ပါတယ်။

အရေးနိမ့်

ချယ်လ်ဆီးနည်းပြသစ် အက်ဗရန်ဂရန့်ဟာ ချယ်လ်ဆီးအသင်းရဲ့ အထိုင်ကစားဟန်နဲ့ ပရီမီယာလိဂ်အသင်းကြီးတွေနဲ့ဆုံရင် ဘယ်လို၊ အသင်းငယ်တွေနဲ့ကစားရင် ဘယ်နည်းဗျူဟာတွေသုံးပြီး ကစားလေ့ရှိတယ် ဆိုတဲ့သဘောတရားကို အမြင်နဲ့ အတွေ့ရှိခဲ့ပေမယ့် လက်တွေ့ကိုင်တွယ်မကျင့်သုံးခဲ့ဖူးတဲ့ နည်းပြဆိုတော့ ပွဲဦးထွက်မှာပဲ အလဲလဲအကွဲကွဲ ဖြစ်ပြီး မရှုမလှ အရေးနိမ့်ခဲ့ရခြင်း ဖြစ်ပါတယ်။

စက်တင်ဘာ ၂၃ရက်က ကစားခဲ့တဲ့ ချယ်လ်ဆီးအသင်းရဲ့ ပထမလူထွက်စာရင်းကို ကြည့်ရင် နည်းပြသစ် အက်ဗရန်ဂရန့်ဟာ ချယ်လ်ဆီးအသင်းပိုင်ရှင် အီဗရာမိုဗစ်ချ်အကြိုက် ဘောလုံးသမားတွေနဲ့ ပွဲထွက်ခဲ့တယ်ဆိုတာ ထင်ရှားနေပါတယ်။ ချယ်လ်ဆီးအသင်းပိုင်ရှင် အီဗရာမိုဗစ်ချ်ဟာ တိုက်စစ်မှူး ရှက်ဗ်ချင်ကိုနဲ့ မိုက်ကယ်ဘောလက်တို့ကို ပွဲထုတ်ချင်နေတဲ့ ဆန္ဒပြင်းပြနေတာမို့ အဲဒီဆန္ဒကို နည်းပြသစ် ဂရန့်က ဖြည့်ဆည်းပေးလိုက်တဲ့ သဘောတွေ ပါဝင်နေပါတယ်။

ကစားသမားတွေ အမှားလုပ်ခဲ့ကြတယ်။
ချယ်လ်ဆီးနည်းပြ ဂရန့်
(ဓာတ်ပုံ–အင်တာနက်)

မသုံးခဲ့

ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟိုဟာ ချယ်လ်ဆီးအသင်းနဲ့ ချယ်လ်ဆီး ဘောလုံးသမားတွေအကြောင်းကို ကောင်းကောင်းသိနေတဲ့ နည်းပြတစ်ဦး ဖြစ်တဲ့အပြင် ချယ်လ်ဆီးအသင်းကို ပြိုင်ဘက်အသင်းအနေအထားအလိုက် ဗျူဟာခင်းကျင်းတတ်သူ ဖြစ်ပါတယ်။ နောက်ပြီး ကြံ့ခိုင်မှုမပြည့်ဝသေးတဲ့ တိုက်စစ်မှူး ရှက်ဗ်ချင်ကို တစ်ဦးတည်းကို ပရီမီယာလိဂ်ပွဲတွေမှာ အထောင်တိုက်စစ်မှူး အဖြစ် မသုံးခဲ့ပါဘူး။

စွမ်းရည်ရှိ

နောက်ပြီး မော်ရင်ဟိုဟာ ဒရော့ဘာကို အထောင်တိုက်စစ်မှူးအဖြစ်နဲ့ ပထမပွဲထွက် ဘောလုံးသမားအဖြစ် အမြဲအသုံးပြုခဲ့တာဟာ ပရီမီယာလိဂ် တိုက်စစ်မှူးတွေထဲမှာ အတွန်းအတိုက်၊ အခုအခံကောင်းကောင်းနဲ့ အခက်အခဲကြားက ဂိုးရအောင်သွင်းယူနိုင်တဲ့ ရှားရှားပါးပါး တိုက်စစ်မှူး ဖြစ်နေလို့ပါပဲ။ အထောင်တိုက်စစ်မှူးဟာ ကြံ့ခိုင်မှု၊ လျင်မြန်မှု၊ အဝင်အထွက်ရဲရဲနဲ့ ကစားနိုင်မှုအပြင် ကြုံရင်ကြုံသလို ဂိုးသွင်းနိုင်တဲ့ စွမ်းရည်တွေ ရှိနေရမှာ ဖြစ်ပါတယ်။

ကိုးကားတင်ပြသူ – မောင်မောင်မြင့်ဆွေ

ဂိုးပိုရသင့်

အခု ချယ်လ်ဆီးနည်းပြသစ် ဂရန့်ရဲ့ ပွဲထွက်လူစာရင်းနဲ့ အခင်းအကျင်းဟာ မြင်လို့၊ ကြည့်လို့ကောင်းပေမယ့် လက်တွေ့မှာ အသင်းအတွက် အကျိုးမပြုနိုင်ခဲ့ပါဘူး။ ဘောလုံးပွဲ

ဒီထက် ဂိုးပိုရသင့်တဲ့ ပွဲပါပဲ။
မန်ယူနည်းပြ ဖာဂူဆန်
(ဓာတ်ပုံ–အင်တာနက်)

တစ်ပွဲ ကစားတဲ့အခါ အသင်းရလဒ်ကောင်းဖို့ အရေးကြီးဆုံးပါပဲ။ စက်တင်ဘာ ၂၃ ရက်က ချယ်လ်ဆီးအသင်းကို အနိုင်ယူခဲ့ပြီးနောက်မှာ ဖာဂူဆန်က **“ဒီပွဲမကစားခင်ကတည်းက ကျွန်တော်တို့ အနိုင်ရမယ်ဆိုတာ တွက်ထားပြီးသားပါ။ ဘောလုံးတစ်သင်းမှာ နည်းပြတစ်ဦးရဲ့ အခန်းကဏ္ဍက သိပ်အရေးကြီးပါတယ်။ အခု ချယ်လ်ဆီး နည်းပြသစ် ဂရန့်ဟာလဲ လူတော်တစ်ဦးပါ။ ဒါပေမယ့် ဘောလုံးသမားတွေအပေါ် ထိန်းချုပ်နိုင်မှုအတွက် အချိန်အတော် ရယူရဦးမှာပါပဲ။ ကျွန်တော့်အသင်းကတော့ အခုပွဲအတွက် အတော်လေးပြင်ဆင်အလေးထားပြီး ကစားစေခဲ့တာပါ။ ချယ်လ်ဆီးဟာ ဘောလုံးစွမ်းရည် မြင့်မားတဲ့ အသင်းတစ်သင်းပါ။ နောက်ပြီး ဘောလုံးသမားကောင်းတွေလဲ အများကြီးရှိနေပါတယ်။ ဒီပွဲမှာ မန်ယူတိုက်စစ်မှူးတွေ အခွင့်အရေးကောင်းအချို့ကို ပိုင်ပိုင်နိုင်နိုင် အသုံးမချနိုင်ခဲ့လို့ နှစ်ဂိုးပဲ ရရှိခဲ့တာပါ၊ ဒီထက် ဂိုးပိုရသင့်ပါတယ်”**လို့ ပြောကြားသွားခဲ့ပါတယ်။

ပြန်လည်တည်ဆောက်

ချယ်လ်ဆီးအသင်းရဲ့ နည်းပြအဖြစ် ပထမဆုံးပွဲစဉ်မှာ အရှုံးနဲ့ ရင်ဆိုင်ခဲ့ရတဲ့ ဂရန့်ကလဲ **“မန်ယူအသင်း ကစားပုံအလွန်ကောင်းတော့ ကျွန်တော့် တိုက်စစ်မှူးတွေ ဂိုးသွင်းခွင့်အခွင့်အရေးတောင် သိပ်မရခဲ့ပါဘူး။ အသင်းလိုက်စုစည်းမှု အားကောင်းအောင် လုပ်ယူရဦးမယ်။ ဒီပွဲမှာ ကျွန်တော့် ကစားသမားတွေ အမှားအယွင်း ပြုလုပ်ခဲ့လို့ ပယ်နယ်တီ အပေးခံရပြီး တစ်ယောက်အထုတ်ခံရတာကတော့ နစ်နာမှုတွေ ဖြစ်ခဲ့ရတာပါ။ အမှားအယွင်းနည်းအောင်နဲ့ နောက်ပွဲတွေမှာ ရလဒ်ကောင်းအောင် ချယ်လ်ဆီးအသင်းကို ပြန်လည် တည်ဆောက်သွားမှာပါ”**လို့ ပြောကြားသွားခဲ့ပါတယ်။

စောင့်ကြည့်

ရတ်တရက်နည်းပြအဖြစ် တာဝန်ယူလိုက်ရတဲ့ ဂရန့်အတွက်လဲ အစပိုင်းမှာ အခက်အခဲတော့ ကြုံတွေ့ရမှာပါပဲ။ ဒါပေမယ့် ပရီမီယာလိဂ်ပြိုင်ပွဲဟာ အတိမ်းအစောင်း၊ အမှားအယွင်းမခံတာမို့ ချယ်လ်ဆီးရဲ့ ပရီမီယာလိဂ်ဖလား ရယူရေးလမ်းကြောင်းဟာ ဖြောင့်ဖြူးနိုင်ပါ့မလား ဆိုတာကတော့ စောင့်ကြည့်ရတော့မှာပဲ ဖြစ်ပါကြောင်း တင်ပြလိုက်ပါတယ်။ ။

(ကိုးကား–အင်တာနက်)

စုစည်းတင်ပြသူ မြင့်မောင်စိုး

ပရီမီယာလိဂ်သို့ ပြန်လာမည်ဆိုသည့် မော်ရင်ဟို

လန်ဒန် စက်တင်ဘာ ၂၄

မန်ချက်စတာယူနိုက်တက်အသင်းက ဖာဂူဆန်နေရာတွင် ဆက်ခံရန် ဂျို့စ်မော်ရင်ဟိုအား ခေါ်ယူရန်အစီအစဉ်မရှိကြောင်း အမှုဆောင်အရာရှိချုပ် ဒေးဗစ်ဂေးလ်က ပြောကြားလိုက်သည်။

ပရီမီယာလိဂ်သို့ ပြန်လာမည့် မော်ရင်ဟို။
(ဓာတ်ပုံ–အင်တာနက်)

ချေပ

မော်ရင်ဟိုသည် ချယ်လ်ဆီးမှ ထွက်ခွာသွားပြီးနောက် ပရီမီယာလိဂ်သို့ ပြန်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သို့ရာတွင် မန်ယူ၌ ဖြစ်နိုင်သည်ကို ဒေးဗစ်ဂေးလ်က ချေပပြောဆိုလိုက်ခြင်း ဖြစ်သည်။

ဆွေးနွေး

မော်ရင်ဟိုသည် စတမ်းဖို့ဒ်ဘရစ်၌ သုံးနှစ်တာအတွင်း ပရီမီယာလိဂ်ဖလားနှစ်လုံး ရယူပေးခဲ့ပြီး ချယ်လ်ဆီးမှ ထွက်ခွာခဲ့ပြီဖြစ်သည်။ မန်ယူ၌ ဖာဂူဆန်၏လက်ထောက် ကားလို့စ်ကွီရော့သည် မန်ယူ၏ အဓိကနည်းပြဖြစ်လာနိုင်မည်ကိုသာ စဉ်းစားမည်ဖြစ်ကြောင်း ဒေးဗစ်ဂေးလ်က ဆိုသည်။

ခေါ်ယူမည်မဟုတ်

မော်ရင်ဟိုသည် အချိန်တိုအတွင်း အောင်မြင်သော နည်းပြဖြစ်ခဲ့သော်လည်း မန်ယူက ခေါ်ယူမည်မဟုတ်ဟု ဆိုသည်။

ကိုင်တွယ်ခဲ့

အသက် ၆၅နှစ် ရှိပြီဖြစ်သော ဖာဂူဆန်သည် အိုးထရက်ဖို့ဒ်၌ မန်ယူကိုကိုင်တွယ်ခဲ့သည်မှာ ၂၁နှစ်သို့ပင် ချဉ်းကပ်နေပြီဖြစ်သည်။ ဗြိတိသျှဘောလုံးသမိုင်းတွင် အအောင်မြင်ဆုံး နည်းပြဖြစ်သည်။ ၎င်းသည် မန်ယူအသင်းအား ပရီမီယာလိဂ်ဖလားကိုးလုံး၊ အက်ဖ်အေဖလားငါးလုံးနှင့် ၁၉၉၉ခုနှစ်က ချန်ပီယံလိဂ်ဖလားတို့ကို ဆွတ်ခူးပေးနိုင်ခဲ့သူ ဖြစ်သည်။ **(အင်တာနက်)**

စပိန်ခရီးရှည်စက်ဘီးစီးပြိုင်ပွဲ ရုရှားမှ ဒင်းနစ်မန်ချော့ ဗိုလ်စွဲ

စပိန်ခရီးရှည်စက်ဘီးစီးပြိုင်ပွဲတွင် ပန်းဝင်လာသော ရုရှားစက်ဘီးစီးချန်ပီယံ မန်ချော့။
(ဓာတ်ပုံ–အင်တာနက်)

မက်ဒရစ် စက်တင်ဘာ ၂၄

စပိန်နိုင်ငံ ခရီးရှည်စက်ဘီးစီးပြိုင်ပွဲတွင် ရုရှားနိုင်ငံမှ စက်ဘီးစီး အားကစားသမား ဒင်းနစ်မန်ချော့သည် အနိုင်ရဗိုလ်စွဲခဲ့သည်။

အသက် ၂၉နှစ်ရှိ အဆိုပါ ရုရှားစက်ဘီးစီးချန်ပီယံသည် စပိန်ခရီးရှည် စက်ဘီးစီးပြိုင်ပွဲတွင် နာရီပေါင်း ၈၀ ၅၉ မိနစ် ၇ စက္ကန့်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။

ဗိုလ်စွဲ

၎င်းသည် အဆိုပါ စပိန် ခရီးရှည်စက်ဘီးစီးပြိုင်ပွဲတွင် ၂၀၀၅ခုနှစ် ကလည်း အနိုင်ရဗိုလ်စွဲခဲ့သည်။

မန်ချော့သည် အဆင့် ၉တွင် အနိုင်ရကာ ရွှေရောင်ဂျာစီအင်္ကျီကို ဝတ်ဆင်ပြီးနောက် ပြိုင်ပွဲနောက်အဆင့်များ၌လည်း ဦးဆောင်ပန်းဝင်နိုင်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် စီအက်စ်စီအသင်းမှ ကားလို့စ်စထရီက ဒုတိယ၊ ယူစကာဒီက တတိယဆု ဆွတ်ခူးနိုင်ခဲ့သည်။

စပိန်ခရီးရှည် စက်ဘီးစီးပြိုင်ပွဲတွင် အဆင့်ပေါင်း ၂၁ဆင့် ပါဝင်သည်။ နောက်ဆုံးပန်းဝင်အဆင့်မှာ ရီဗက်ဗာစီယာမက်ဒရစ်နှင့် မက်ဒရစ်မြို့ကြား အကွာအဝေး ဖြစ်သည်။

အဆိုပါ စက်ဘီး အားကစားချန်ပီယံသည် စပိန်နိုင်ငံ၌ ၎င်း၏ဇနီး၊ သားတို့နှင့်အတူ နေထိုင်လျက်ရှိသည်။
(အင်တာနက်)

ဗြိတိသျှမာစတာဖလားပြိုင်ပွဲ ဝက်စ်ဝုဒ် ၁၅ချက်လျှော့ရိုက်ပြီး ဗိုလ်စွဲ

လန်ဒန် စက်တင်ဘာ ၂၄

ဗြိတိသျှမာစတာဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လန်ဒန်မှ လီဝက်စ်ဝုဒ်သည် နောက်ဆုံးနေ့၌ အခြားပြိုင်ဘက်များထက် ငါးချက်အသာရပြီး ဖလားဆွတ်ခူးနိုင်ခဲ့သည်။

အင်္ဂလန်သားများဖြစ်ကြသည့် လီဝက်စ်ဝုဒ်၊ ပေါလက်တာနှင့် မတ်ဖော်စတာတို့သည် စက်တင်ဘာ ၂၃ရက် နောက်ဆုံးနေ့အဖြစ် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြရာ လီဝက်စ်ဝုဒ်သည် ၆၅ ချက်ဖြင့် အနည်းဆုံးရိုက်နိုင်ခဲ့သည်။ ပေါလက်တာက ရိုက်ချက် ၇၀ရိုက်ပြီး ဖော်စတာက ၇၃ချက်ရိုက်နိုင်ခဲ့သည်။ လီဝက်စ်ဝုဒ်သည် ဥရောပနံပါတ်တစ်

လီဝက်စ်ဝုဒ်၏ ဂေါက်သီးရိုက် ကစားဟန်။
(ဓာတ်ပုံ–အင်တာနက်)

ဂေါက်သီးကစားသမားဟောင်းဖြစ်ပြီး ပွဲစဉ်တစ်လျှောက် စုစုပေါင်း ၁၅ချက် လျှော့ရိုက်ကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

လီဝက်စ်ဝုဒ်သည် ယခုနှစ်အတွင်း ဖလားဆွတ်ခူးနိုင်ခြင်းသည် ဒုတိယအကြိမ်မြောက် ဖြစ်သည်။ ၎င်းသည် ဥရောပတစ်ဝန်း ကျင်းပသော ပြိုင်ပွဲများတွင် ၁၈လုံးမြောက် ဖလားဆွတ်ခူးနိုင်ခဲ့သည်။

ဥရောပချန်ပီယံ ရှစ်ကြိမ်ဖြစ်ခဲ့သည့် မောင့်ဂိုမာရီသည် ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲတစ်လျှောက် လေးချက်သာ လျှော့ရိုက်နိုင်ခဲ့သည်။ **(အင်တာနက်)**



လမ်း/ တံတားပြင်ဆင်ထိန်းသိမ်းခြင်းနှင့်အသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန် ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူထိန်းသိမ်းလျက်ရှိသည့် လမ်းများအနက် လမ်း ၈၂လမ်း(ပေ ၁၈၀ အထက်တံတားများအပါအဝင်)ကို တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လုပ်ကိုင်ခွင့်ပေးမည်ဖြစ်ပါသည်။

		လမ်း	တံတား
(က)	ကချင်ပြည်နယ်	(၃)လမ်း	(၂)စင်း
(ခ)	ကယားပြည်နယ်	(၃)လမ်း	–
(ဂ)	ကရင်ပြည်နယ်	(၃)လမ်း	–
(ဃ)	ချင်းပြည်နယ်	(၂)လမ်း	(၁)စင်း
(င)	စစ်ကိုင်းတိုင်း	(၆)လမ်း	(၂)စင်း
(စ)	တနင်္သာရီတိုင်း	(၄)လမ်း	(၂)စင်း
(ဆ)	ပဲခူးတိုင်း	(၁၀)လမ်း	(၁)စင်း
(ဇ)	မကွေးတိုင်း	(၅)လမ်း	–
(ဈ)	မန္တလေးတိုင်း	(၃)လမ်း	(၁)စင်း
(ည)	မွန်ပြည်နယ်	(၃)လမ်း	–
(ဋ)	ရခိုင်ပြည်နယ်	(၂)လမ်း	(၁၅)စင်း
(ဌ)	ရန်ကုန်တိုင်း	(၅)လမ်း	(၄)စင်း
(ဍ)	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	(၂)လမ်း	–
(ဎ)	ရှမ်းပြည်နယ်(တောင်ပိုင်း)	(၇)လမ်း	(၁)စင်း
(ဏ)	ရှမ်းပြည်နယ်(မြောက်ပိုင်း)	(၄)လမ်း	(၁)စင်း
(တ)	ဧရာဝတီတိုင်း	(၂၀)လမ်း	(၈)စင်း

၂။ အခြားလုပ်ကိုင်လိုသည့် လမ်းများရှိပါကလည်း လုပ်ကိုင်ခွင့်ပြုရန် တင်ပြလျှောက်ထားနိုင်သည်။

၃။ ပြည်နယ်၊ တိုင်းအတွင်းရှိ ဒေသခံတိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များကို ဦးစားပေးမည်။ လုပ်ကိုင်လိုသူများသည် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း အင်ဂျင်နီယာမှူးကြီးရုံးများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း – ၀၆၇–၄၀၇၀၇၀၊
၀၆၇–၄၀၇၅၈၀၊
၀၆၇–၄၀၇၀၇၇

ဦးဆောင်ညွှန်ကြားရေးမှူး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း။

အမည်ပြောင်း

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် အထက(၃) တက္ကသိုလ်ဝင်တန်း(C) မှ အဖ ဦးစန်းမြင့်အောင်၏ သမီးဖြစ်သူ မခိုင်သဇင်လမင်းဝေအောင်အား မသက်ထားဆွေဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း

အဖ ဦးမောင်မောင်အေး၏ သမီး ဒေါပုံမြို့နယ် အထက(၁) တက္ကသိုလ်ဝင်တန်း(D)မှ မသက်မွန်အား နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၂/ဒပန(နိုင်)၀၅၁၄၇၇ အရ မသန္တာထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မသန္တာထွန်း။**

ဖခင်အမည်မှန်

အထက(၁၈) မန္တလေးမြို့ တက္ကသိုလ်ဝင်တန်း(D)မှ စောစန္ဒီ၏ဖခင်အမည်မှန်မှာ ဦးဌေးအောင် SGG–၀၃၄၆၅၇ ဖြစ်ပါကြောင်း။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဗိုလ်ကြီးအောင်နိုင်ထွန်း
B.A(DSA), English
နှင့်
မနိုင်နိုင်မော်
B.A (History)

တို့သည် နှစ်ဖက်မိဘများ၏ရှေ့မှောက်၌ ၇–၉–၂၀၀၇ရက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

ဗိုလ်ကြီးအောင်နိုင်ထွန်း–မနိုင်နိုင်မော်။

ဖခင်အမည်မှန်

ပဲနွယ်ကုန်း အထက တက္ကသိုလ်ဝင်တန်း(G)မှ မခင်ဇာခြည်၏ဖခင်အမည်မှန်မှာ ဦးမြင့်လွင် ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပဲနွယ်ကုန်း အထက တက္ကသိုလ်ဝင်တန်းမှ မခိုင်ဖြူစင်အောင်နှင့် သတ္တမတန်း(A)မှ မောင်နောင်ရဲလင်းတို့၏ ဖခင်အမည်မှန်မှာ ဦးမြင့်ကြိုင် ၇/ကတန(နိုင်)၀၅၁၆၄၉ ဖြစ်ပါကြောင်း။

JULIA ငြိမ်းခင်ခင်ပိုင်၏ တစ်နှစ်ပြောက်မွေးနေ့ မင်္ဂလာ

ဘိုးဘိုးကြီး၊ ဘွားဘွားကြီးတို့၏ မြေးချစ်လေး **Julia ငြိမ်းခင်ခင်ပိုင်**၏ ၂၅–၉–၂၀၀၇ရက်တွင် ကျရောက်သော တစ်နှစ်ပြောက် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး ထူးချွန်ထက်မြက်၍ မီးမီးလေးတောင့်တသမျှ ဆန္ဒအားလုံး ပြီးပြည့်စုံပါစေ။

ချစ်ဘိုးဘိုးကြီး – **ဒုတိယဗိုလ်မှူးကြီးရဲထွန်း (ငြိမ်း)**
ချစ်ဘွားဘွားကြီး – **ဒေါ်သိန်းဇင်**
ကြီးကြီး – **ဒေါ်ဇင်မာရဲထွန်း**
ဘဘကြီး – **ဦးကျော်ဇေရဲထွန်း(Unit Business General Manager, Welcome Break Co. UK) – ဒေါ်စန္ဒာဦး (UK)**
ဘဘလတ် – **ဦးရဲဇေရဲထွန်း (2nd Officer, MT Chemstar Princess JSM Int'1 Ltd.) – ဒေါ်ခင်မြမြဖြိုး**
မမကြီး – **Rachel ရူပါကျော်ဇေ (UK)**
ကိုကိုကြီး – **William သီဟရဲဇေ**
မောင်လေး – **Nicolas ဟိန်းကျော်ဇေ (UK)။**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ခုနှစ် တော်သလင်းလဆန်း ၁၄ရက် (အဖိတ်နေ့)
၂၅–၉–၂၀၀၇ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မဟာဝံသမြတ်ဗုဒ္ဓ (ဒုတိယပိုင်း) (ဗုဒ္ဓပါဝစနာ) (ဣန္ဒာဆွေရေးဖွဲ့ပူဇော်၍ မောင်မောင်ကြီး သီဆိုပူဇော်သည်)
၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၀ ၆။ ကဗျာပန်းဥယျာဉ်
၈:၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let's Go
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ တတိယအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု)(အထက–၁၊ သန်လျင်) (အမျိုးသားဝတ်ရွတ်အဖွဲ့)
၁၆:၅၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ၊ တတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၁၇:၀၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၁၅ ၆။ **၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (ဝါသနာရှင် ပထမတန်းအဆင့်) [အမျိုးသမီး]**
၁၇:၂၅ ၇။ **၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (အဆိုဘာသာရပ် မဟာဂီတဆွေးနွေးခန်း)**
၁၇:၃၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၁၈:၅၀ ၁၂။ နတ်မတောင်က ဖိတ်ခေါ်သံ
၁၉:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သောရွှေနေခြည်** (အပိုင်း–၁၅)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပြုံးလှည့်ပါချစ်သူရယ်** (အပိုင်း–၉)
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။





အိတ်ချ်အိုင်ဗွီပိုး ကာကွယ်တားဆီးရေး ဆရာဖြစ်သင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၂၄

ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်နှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် မိခင်မှကလေးသို့ အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခြင်းမှ ကာကွယ်တားဆီးခြင်း ဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ Panda Hotel ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဦးစီးဌာနလုပ်ငန်းခွင်ကျန်းမာရေးဌာနမှညွှန်ကြားရေးမှူး ဒေါက်တာစိုးတင့်နှင့် တာဝန်ရှိသူများ၊ အင်းစိန်၊ ကြည့်မြင်တိုင်၊ ရွှေပြည်သာ၊ တိုက်ကြီး၊ သာစည်၊ ကြို့ပင်ကောက်၊ ဒိုက်ဦး၊ အုတ်တွင်း၊ မြန်အောင်၊ ရေကြည်မြို့နယ်များမှ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးများ၊ လက်ထောက်ဆရာဝန်များ၊ မြို့နယ် သူနာပြုဆရာမကြီးများ၊ မြို့နယ်ကျန်းမာရေးမှူးများ၊ သင်တန်းသား ၄၃ဦးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူး ဒေါက်တာစိုးတင့်(လုပ်ငန်းခွင်ကျန်းမာရေး)က အဖွင့်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့်မိုင်း နင်းမိပေါက်ကွဲ၍အပြစ်မဲ့ပြည်သူနှစ်ဦးခြေထောက်ပြတ်ဒဏ်ရာရရှိ

နေပြည်တော် စက်တင်ဘာ ၂၄

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ငန်းများကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၇ရက် မွန်းလွဲ ၂နာရီခွဲခန့်တွင် ကျောက်ကြီးမြို့နယ် ထိုက်ထူစုစည်းရွာမှ ဦးဖိုးဝါ၏ သမီး မလှထွေး အသက်(၁၈)နှစ်သည် အစ်ကိုဖြစ်သူနှင့်အတူ ဟင်းသီးဟင်းရွက်ခူးရန် တောတွင်းသို့သွားရောက်စဉ် သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲသဖြင့် မလှထွေး၏ ညာဘက်ခြေထောက်ခြေချင်းဝတ်အထက်မှပြတ်၍ ဒဏ်ရာရရှိခဲ့သည်။

အလားတူ စက်တင်ဘာ ၁၈ရက် မွန်းလွဲ ၂နာရီခွဲခန့်တွင် ထန်းတပင်မြို့နယ် ဘုမ္မတီးရွာနေ ဦးလှထွန်း၏သား ဦးခါးရှည် အသက်(၃၆)နှစ်သည် သားနှစ်ဦးနှင့်အတူ ဝဥတူးရန် တောတွင်းသို့ သွားရောက်စဉ် တောတွင်းတစ်နေရာအရောက်၌ သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ ဦးခါးရှည်၏ ညာဘက်ခြေထောက် ခြေချင်းဝတ်အောက်မှပြတ်ကာ ဒဏ်ရာရရှိခဲ့သည်။

ပံ့ပိုးကူညီ

အဆိုပါ ဒဏ်ရာရရှိခဲ့ကြသည့် မလှထွေးအား ရွှေကျင်မြို့နယ် ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ ဦးခါးရှည်အား ဇရပ်ကြီးဆေးရုံသို့လည်းကောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပို့ဆောင်ပေးကြ၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့်ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

စက်တင်ဘာ ၁၄ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် တောင်ဘက်ရင်ပြင်တွင် တည်ဆောက်မည့် အာရုံခံတန်ဆောင်းအတွက် အလှူငွေကျပ်တစ်သိန်းကို တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် ၁၄(က)လမ်း အမှတ် ၁၁၈၁နေ ဦးဝင်းကြည်–ဒေါ်ရီရီဝင်း (သမီး) လွင်မာထွန်းနှင့် ခင်စုစုဇင် မိသားစုက မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဓမ္မကထိက(ကညင်ကုန်း)ဆရာတော် ဦးဉာဏောဘာသ ထံမှ ရေစက်ချအနုမောဒနာတရားနာယူပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သွင်ထံပေးအပ်လှူဒါန်းစဉ်။ (၂၀၀)

ဂရုဓမ္မ အခါတော်နေ့

ပန်းရွှေယင်းမာ လှိုင်စွာပျံ့သင်း တော်သလင်း
သောင်မြစ်ကမ်းယံ ကန္တာရမှာ၊
ကန်ရာသီပြု ခေတ်သဘင်
ဖန်လာပြီခု အသစ်လွင်အောင်၊
သရစ်ပြင်ဆင် ပြန်သမို့၊
ငှက်ပြိုင်ညွှင်းနှင့် ကြိုင်သင်းထွေတယ်၊
ခိုင်ယင်းမာရွှေဂုဏ်ကြီးကျယ်ရော့လို့ . . . ။

(စာရေးတော်ကြီး ဦးမောင်ကလေး)

မိဿ၊ ပြိဿ၊ မေထုန် အစဖြာသော တစ်ဆယ့်နှစ်ရာသီတွင် အချို့သော ရာသီမှာ ကုန်းကြည်းတို့တွင် ရွက်စိမ်းပန်းမန် တောကျေးငှက် သာရကာတို့ဖြင့် သာယာခြင်းရှိသည်။ အချို့ရာသီကား အာကာတစ်ခွင်တွင် တိမ်လွှာတိမ်ပန်း ပြက်သန်းလျှပ်နွယ် အလှဂုဏ်ကြွယ်ကာ သာယာခြင်းရှိသည်။ အချို့ရာသီတွင်မူ သီတာမြောင်ခွေ ပတ်ဝန်း၍ ရေခင်းသာယာ အလှဓာတ်ဖြာဝေတတ်သည်။ ဤသို့ သုံးမျိုးသုံးပုံ သာယာခြင်း ပြည့်စုံရန် ခဲယဉ်းလှသည့်အနက် တော်သလင်းလမှာကား အခြားလများနှင့်မတူ ကြည်း၊ ရေ၊ လေ လောကဓာတ်တစ်ခွင်တွင် ယှဉ်ပြိုင်ရန်မရှိ သာယာခြင်းအတိဖြင့် ပြည့်စုံလှချေသည်။

"သူ့အသက် မသတ်ခြင်း
သူ့ဥစ္စာကို မခိုးခြင်း
သူ့အိမ်ရာကို မပြစ်မှားခြင်း
မဟုတ်မမှန်သော စကားကိုမဆိုခြင်း
သေရည်သေရက်ကို မသောက်ခြင်း။ ။"

တည်းဟူသော ငါးပါးသီလသည် ဗုဒ္ဓဘာသာဝင်တို့ စောင့်ထိန်းကြသော တရားဖြစ်သည်။

ဂရုဓမ္မဆိုသည်ကား မြတ်စွာဘုရား၏ တရားတော်များကို အလေးအမြတ်ပြုရာ ဖြစ်သည်။ အဓိက အလေးအမြတ်ပြုရမည့် တရားကား ငါးပါးသီလပင် ဖြစ်သည်။

ထေရဝါဒ ဗုဒ္ဓဘာသာဟုဆိုသည်မှာ သင်္ဂါယနာခြောက်တန်ဝင် ထေရ်အရှင်တို့ သင်္ဂါယနာတင်အပ်သော ဘုရားဟော ပါဠိတော်ပင် ဖြစ်သည်။

"သင်္ဂါယနာတင်ပြီး သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊
ထေရဝါဒ အမည်ရ၊ မှတ်ကြဗုဒ္ဓဘာသာ၊
ပြင်ခြင်း၊ ဖြုတ်ခြင်း၊ ဖြည့်စွက်ခြင်း၊ အလျှင်း လက်မခံပါ"

ထေရဝါဒ ဗုဒ္ဓဘာသာဟုဆိုခြင်းအားဖြင့် စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော မူရင်းဗုဒ္ဓဘာသာကို ဖော်ညွှန်းသက်သေဆိုပြီး ဖြစ်သည်။

ရက်မြတ်ချိန်ခါ ဝါတွင်းသုံးလတွင် ပါဝင်သည့် တော်သလင်းလ၏ လပြည့်နေ့သည် လှူရေး၊ တန်းရေး၊ ဉပုသ်သီတင်း ဆောက်တည်ရေးတို့ဖြင့် ဘုရား၊ ကျောင်းကန်၊ ဇရပ်များတွင် စည်ကားသိုက်မြိုက်လျက်ရှိသော ဂရုဓမ္မအခါတော်နေ့ ဖြစ်သည်။

ထိုလကို နက္ခတ်ဗေဒင် အခေါ်အဝေါ်အားဖြင့် ကန်ရာသီဟုခေါ်သည်။ ကန်ရာသီဟူသော ဝေါဟာရကား ကညာရာသီဟူသော ပါဠိဝေါဟာရမှ သက်ဆင်းလာကာ လက်တစ်ဖက်ကား ကောက်ဆုပ်၊ လက်တစ်ဖက်ကား ဆီမီးတိုင်ကိုင်လျက် လှေစီးသော မိန်းမပျိုသဏ္ဌာန်ရှိသည်။ ထို့ကြောင့် မိန်းမပျိုသဏ္ဌာန်ရှိသည့် ကြယ်စုတောက်ပသည့် ဤလကို ကန်ရာသီ(ကညာရာသီ)ဟု ခေါ်သည်။

ကောင်းကင်ပြင်တွင် လပြည့်ဝန်းသည် ပြုဗ္ဗဘဒြပိုဒ်နက္ခတ်နှင့် ယှဉ်ပြိုင်မွန်းတည့်သည်။ ဤလ၏ ရာသီပန်းကား အင်ကြင်းပန်းနှင့် ယင်းမာပန်းတို့ဖြစ်သည်။ မြတ်စွာဘုရားသည် ငါးရာ့ငါးဆယ် တိကနိပါတ် **"ကုရုဓမ္မဇာတ်တော်"**၌ ကုရုဓမ္မသီလအကြောင်း ဟောကြားတော်မူခဲ့သည်။

ရှေးလွန်လေပြီးသောအခါက ကုရုတိုင်း ဣန္ဒပတ္ထနဂိုရ်မြို့၌ ဓနဉ္စယကောရဗျမင်းကြီး မင်းပြုသောအခါ ဘုရားအလောင်းတော်သည် ဓနဉ္စယကောရဗျမင်း၏ မိဖုရားကြီး ဝမ်းကြာတိုက်၌ ပဋိသန္ဓေတည်ကာ ဖွားမြင်လာခဲ့သည်။ အရွယ်ရောက်သောအခါ တက္ကသိုလ်ပြည်သို့သွား၍ ပညာသင်ယူပြီး ပြန်ရောက်သောအခါ အိမ်ရှေ့မင်း ဖြစ်လာသည်။ ခမည်းတော် ဘုရင်ကြီး ကွယ်လွန်၍ မင်းအဖြစ်သို့ ရောက်သောအခါ မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်၍ ပြည်သူပြည်သားတို့အား ကုရုဓမ္မခေါ် ကုရုတိုင်းသားများ ကျင့်သုံးအပ်သော ငါးပါးသီလကို ကျင့်သုံးဆောက်တည်စေသည်။ အလှူမဏ္ဍပ်ကြီးများထိုးကာ နေ့စဉ်၊ နေ့စဉ်အလှူဒါနပြုလုပ်သည်။ ဗုဒ္ဓဘုရားရှင်က တိုင်းသူပြည်သားတို့၏ သီလတန်ခိုးကြောင့် ကုရုတိုင်းတွင် မိုးလေဝသမှန်ကာ သာယာအေးမြ ချမ်းသာစွာ နေထိုင်ကြရသည့်အကြောင်း ဟောကြားညွှန်ပြတော်မူခဲ့ခြင်း ဖြစ်သည်။

တရားဓမ္မကို အစဉ်ကျင့်သုံးနေထိုင်သောသူများသည် စားနပ်ရိက္ခာပေါများခြင်း၊ အလှူတော်မင်္ဂလာအဆက်မပြတ်ပေးနိုင်ခြင်း၊ နိဗ္ဗာန်ရောက်ကြောင်းတရားများကို ပွားများနိုင်ခြင်းဟူသော အကျိုးထူးများ ရရှိခံစားကြရပါမည်။

သီလကို အခြေခံထားသော ဤဂရုဓမ္မအခါတော်နေ့သည် ဝါတွင်းကာလဖြစ်သည့် အားလျော်စွာ ဗုဒ္ဓဘာသာဝင်တို့သည် မည်သို့ နေထိုင်ကျင့်ကြံအားထုတ် လုပ်ကိုင်နေရမည်ဆိုသည်ကို အစဉ်မပြတ် ဆင်ခြင်နှလုံးသွင်း၍ နေရမည်ဖြစ်သည်။ သို့မှသာ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု မင်္ဂလာတရားတော်နှင့် ညီပေလိမ့်မည်။

မင်းရော (မြေလတ်)

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် (စေတနံကမ္မံဘိက္ခဝေ)ဟူသော ဘုရားဟော တရားဓမ္မအညီ စေတနာကောင်းစွာနှင့် လူသားအကျိုးများကို တည့်မတ်မှန်ကန်စွာ ဆောင်ရွက်ကြရပါမည်။ စေတနာကောင်းလျှင် ကံကောင်းပေသည်။ ထေရဝါဒဗုဒ္ဓဘာသာဝင်များသည် ဤအချက်ကို စွဲမြဲစွာ ယုံကြည်ကြသည်။

တော်သလင်းလသည် မြန်မာတို့၏ ဆယ့်နှစ်လရာသီတွင် ခြောက်လမြောက်ရာသီဖြစ်သည်။ ထိုလတွင် ရေပြင်ကိုကြည့်လျှင် **"တော်သလင်း မြစ်တွင်း သင်ဖြူးခင်း"** အဆိုနှင့်အညီ ရေပြင်သည် လှိုင်းလေကင်းစင်သဖြင့် သင်ဖြူးများ ဖြန့်ခင်းထားသကဲ့သို့ ပြန့်ပြူးငြိမ်သက်လျက်ရှိသည်ကို တွေ့ရပေသည်။ ရှေးမြန်မာဘုရင်တို့သည် သာယာငြိမ်သက်သော ရေပြင်တွင် လှေပြိုင်ပွဲသဘင်ကို ဆင်ယင်ကျင်းပလေ့ရှိသည်။ လှေသဘင်ပွဲကို ပန်းလှသဘင်၊ ရေပွဲသဘင်၊ မြစ်ယံပွဲစသည်ဖြင့် အမည်အမျိုးမျိုး ခေါ်ကြသည်။ ယင်းလှေပွဲသဘင်ကို ဘုရင်နှင့်တကွ လှော်ကားမှူးကြီးများ ကြပ်မတ်၍ ခင်းကျင်းပြုလုပ်လေ့ရှိသည်။ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ဖိုလ်ပါမှူးမတ်များ ခြံရံလျက် **"ပြည်ကြီးမွန်"**မည်သော ဘုရင့်ရွှေလှေတော်ကြီးပေါ်မှနေ၍ လှေသဘင်ပွဲကို ရှုစားလေ့ရှိသည်။

ပြည်ကြီးမွန်လှေဆိုသည်မှာ တရားသောမင်းတို့ကို ဦးညွှတ်ဟန်၊ ဦးမှပဲ့အထိ လက်ဝဲလက်ယာ အရပ်ငါးဆယ်စီ ထုလုပ်တန်ဆာဆင်ထားသည့် ဘုရင့်ရွှေလှေတော်ဖြစ်သည်။ ဘုရင်ကိုယ်တိုင် ထွက်ကြွရှုစားတော်မူသဖြင့် လှေပွဲသဘင်သည် အလွန်ကြီးကျယ်စည်ကားသည်။

လှေပွဲသဘင်ကို တော်သလင်းလဆန်း ၈ရက် လပြည့်နေ့၊ လပြည့်ကျော် ၈ရက်၊ လကွယ်နေ့များ၌ ကျင်းပလေ့ရှိသည်။ ထိုပြိုင်ပွဲတွင် လှော်ကားလှေတော်ကြီး၊ လှော်ကားတော်၊ လှော်လှေတော်၊ ခတ်လှေတော်၊ လောင်းလှေတော်၊ ရဲလှေစသည်တို့ကို အမျိုးအစားအလိုက် ပြိုင်ဆိုင်စေသည်။ လှေပြိုင်ပွဲပြီးလျှင် ဘုရင့်ရေတပ်မတော်မှ လှေခွင်လှေကွင်း ပြုလုပ်ပြီး မင်းစီးလှေလှော်ကားတော်ကို ရှေ့ဆုံးတွင်ထားလျက် နောက်ပိုင်းတွင် ရာထူးရာခံအလိုက် အရာရှိလှေတော်များ လိုက်ပါ၍ လှေတပ်ကြီးဖွဲ့ကာ မြူးကြွသော တူရိယာသံများတွင် လှေချင်းများ သီဆိုကာ တက်ရေး(၃၇)ပါးအလိုက် အစုန်အဆန် သိုက်မြိုက်စွာ လှော်ခတ်ကြသည်မှာ မြစ်ပြင်အလုံး ပွဲတင်သံများဖုံးလျက် ရှိသည်ဟု စာဆိုရှိပေသည်။

အမှန်စင်စစ် ရှေးမြန်မာမင်းတို့ ကျင်းပသည့် လှေပြိုင်ပွဲသဘင်ကား ပျော်ပွဲသက်သက်မဟုတ်၊ နိုင်ငံတော်ကာကွယ်ရေးအတွက် ရေတပ်အင်အားကို စမ်းသပ်လေ့ကျင့်သည့် (ဝါ) ရေတပ်မတော်သားများ၏ အရည်အသွေးကို တိုးတက်စေသော ပွဲတော်ဖြစ်ပေသည်။

မြန်မာဘုရင့်တပ်မတော်သည် ရေတပ်ကို အလွန်အားထားသည်။ အရည်အချင်းမြင့်မားသော တပ်သားများချည်း ဖွဲ့စည်းထားသည်။ ရေတပ်သားတစ်ယောက်ဖြစ်လာရန်အတွက် ဆင်ဖြင့်တိုက်သော ပွဲတွင် အောင်ပွဲဆယ်ပွဲရပြီးသော ဆင်တပ်သားဖြစ်ရသည်။

ဆင်တပ်သားတစ်ယောက်၏ အရည်အချင်းမှာလည်း မြင်းတပ်သားအဖြစ် အောင်ပွဲဆယ်ပွဲရပြီးသူ ဖြစ်ရမည်။

ထိုကဲ့သို့ အမာခံလက်ရွေးစင်တွေချည်း ပါဝင်ဖွဲ့စည်းထားသော ရေတပ်မတော်ကြီးမှာ အစဉ်ထက်မြက်၍ ပို့ဆောင်ဆက်သွယ်ရေးတွင် သာမက တိုက်ရည်၊ ခိုက်ရည်ပါ မြင့်မားနေပေသည်။

ရှေးကာလက တော်သလင်း၌ သစ်ဖောင်မျှောချကြသည်။ များသောအားဖြင့် သစ်စုန်ဆင်းသောလဖြစ်ခြင်းကြောင့် ရှေးအခါက သစ်ဆင်းလဟုလည်း ခေါ်ကြသည်။

ဝေါဟာရလီနတ္ထဒီပနီကျမ်းဆရာ လေ့သင်းအတွင်းဝန်မင်း၏ ဆရာအရင်းဖြစ်တော်မူသော မုံရွေးဇေတဝန် ဆရာတော်ကြီးက သမန္တစက္ခုဒီပနီ(ပထမအုပ်)တွင် သစ်ဆင်းလဆိုသည်မှာ တော်သလင်းလကို ဆိုလိုသည်ဟု ရေးသားထားခဲ့သည်။

လှေပွဲသဘင်နှင့်ပတ်သက်၍ ရာဇဝင်မှတ်တမ်းတစ်ခုကို ဆက်လက်ဖော်ပြလိုပါသည်။ မြန်မာသက္ကရာဇ် ၁၁၈၅ခု နယုန်လပြည့်ကျော် ၁၁ရက်နေ့က ဖြစ်သည်။ နေရာကား ရတနာပူရ ရွှေအင်းဝနေပြည်တော်၌ ဖြစ်သည်။ ဘကြီးတော်ဘုရားထံသို့ တရုတ်ပြည်မှ သံတမန်များ ရောက်ရှိလာရာ သက်ဆိုင်ရာတို့က ကောင်းမွန်စွာ ဧည့်ခံပြုစုကြသည်။ တရုတ်သံများက မြန်မာတို့၏ လှေပွဲသဘင်ကို ရှုမြင်လိုကြောင်းသိရ၍ ဘကြီးတော်ဘုရားက ဆိုင်ရာတို့အား ဆင့်ဆိုစေပြီး တရုတ်သံတို့အား လှေပွဲသဘင် ရှုမြင်စေတော်မူခဲ့သည်။ လှေပွဲသဘင်ကြီးကို မည်သို့ဆင်ယင်ကျင်းပပုံ၊ မည်သည့်လှေတော်များ ပါဝင်ယှဉ်ပြိုင်ကြပုံများကို ပညာရှိအမတ်ကြီး ဒုတိယနဝဒေးက **"တရုတ်သံရောက်မော်ကွန်း"** ၌ မှတ်တမ်းတင်ထားခဲ့သည်။

မြန်မာနိုင်ငံ အနယ်နယ် အရပ်ရပ်ဒေသများ၌ ဝါတွင်းဓလေ့ထုံးစံကား အဖိတ်နေ့မှစ၍ ရပ်ကွက်၊ ကျေးရွာဓမ္မာရုံများ၌ ဝတ်အသင်းသူ၊ အသင်းသားများက အတီးအမှုတ်၊ အဆိုအကများဖြင့် အလှူခံထွက်ကြသည်။ ထိုအချိန်တွင် တောင်သူလယ်သမားများအဖို့ မိုးလေငြိမ်သက်၍ ထွန်တုံးပိတ်ပြီး ခေတ္တအနားယူသော အချိန်လည်း ဖြစ်သည်။

ဓမ္မာရုံများတွင် ဓမ္မစကြာအသင်းအဖွဲ့များက ဘုရားဂုဏ်တော်များ၊ ဓမ္မစကြာတရားတော်များ၊ ပဋ္ဌာန်းဒေသနာတော်များ၊ ပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။ ဝါတွင်းလများ၌ တရားသံများဖြင့် ဖုံးလွှမ်းနေပြီး ကြည်နူးဖွယ်ရာ ကောင်းလှပါသည်။

သို့ဖြစ်ရာ တော်သလင်းလသည် ဗုဒ္ဓဘာသာဝင်တို့အဖို့ ငါးပါးသီလဖြစ်သော ဂရုဓမ္မသီလကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာ ထိန်းသိမ်းစောင့်ရှောက်ကြမည်ဟု အဓိဋ္ဌာန်ပြုကာ ဂရုဓမ္မအခါတော်နေ့ကို ကျင်းပသောလဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဂရုဓမ္မအခါတော်နေ့သည် ဝါတွင်းကာလဖြစ်သည့်အားလျော်စွာ ဗုဒ္ဓဘာသာဝင်တို့သည် မည်သို့ နေထိုင်ကျင့်ကြံအားထုတ် လုပ်ကိုင်နေရမည်ဆိုသည်ကို အစဉ်မပြတ် ဆင်ခြင်နှလုံးသွင်း၍ နေရမည်။

ကရင်ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့နှင့် ကော့ကရိတ်မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်သားသမီးများအား ပညာသင်စရိတ် ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ပွဲကို ဩဂုတ် ၂၄ရက်က မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးခင်ဝင်းက ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ဆန်ဆိုင်း (ခ) ရပ်ကွက် တပင်ရွှေထီးလမ်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၃) ဦးမြင့်နိုင် ခေါင်းဆောင်သောအဖွဲ့ဝန်ထမ်းများ စက်ယန္တရားများ အသုံးပြု၍ ဆောင်ရွက်ရာသို့ ဩဂုတ် ၁၀ ရက်က အမှုဆောင်အရာရှိ ဦးအောင်ကိုလတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းလောဝ်ခမ်းတို့ ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း အမှတ်(၁)ရပ်ကွက် နန္ဒဝန်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် ကျောက်များ စုဆောင်းထားရှိမှုကို သြဂုတ် ၉ ရက်က အမှုဆောင်အရာရှိ ဦးတင်ကိုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကိုဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဟားခါး၌ စာအုပ်နှင့်ငွေပဒေသာပင် စိုက်ထူလှူဒါန်း

ဟားခါး စက်တင်ဘာ ၂၃

ဟားခါးမြို့နယ်အတွင်း ဖွင့်လှစ်ထားသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်နှင့် ငွေပဒေသာပင်စိုက်ထူပွဲ အခမ်းအနားကို စက်တင်ဘာ ၂၁ရက် မွန်းလွဲ ၂နာရီက မြို့နယ်ရုံးစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်ညွှန့်နှင့် မြို့နယ်စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ခိုင်မာရေး ကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းတို့က ကျေးဇူးတင် ဂုဏ်ပြုစကား ပြောကြားကြသည်။

လက်ခံရယူ

ထို့နောက် စာအုပ်စာစောင်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ အလှူရှင်များကိုယ်စား မြို့နယ်ပညာရေးမှူး ဒေါ်ဖာရ်ထိုင်းက ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက လက်ခံယူသည်။

မှတ်တမ်းလွှာ

ဆက်လက်၍ အလှူရှင်များအား မြို့နယ် ငွေပဒေသာပင် ကြီးကြပ်ထိန်းသိမ်းရေးကော်မတီ ဦးကျိုးဟူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

လှူဒါန်း

အဆိုပါ လှူဒါန်းပွဲတွင် ငွေကျပ် ၇၉၉၀၀၊ စာအုပ်စာစောင် တန်ဖိုးငွေကျပ် ၁၇၈၉၄၀နှင့် ရုပ်မြင်သံကြားပြစက်နှင့် ရေဒီယို ကက်ဆက်တို့ကို လှူဒါန်းကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် သြဂုတ် ၁၉ရက်က ကျောက်တံခါးမြို့ ယုဇနလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်းတို့က ရှင်းလင်းတင်ပြစဉ်။

(တိုင်းစည်ပင်)

မြန်အောင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများနှင့် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်း၍ သြဂုတ် ၂၁ ရက်က မြန်အောင်မြို့မဈေး၊ မူလတန်းကြိုကျောင်း တစ်ကျောင်း၊ ပရဟိတဂေဟာ တစ်ခုနှင့် အခြေခံပညာ မူလတန်းကျောင်း ရှစ်ကျောင်းတို့တွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

နတ်တလင်းမြို့နယ် မြတ်ပန်းနွယ်နီစာကြည့်တိုက် အဆောက်အအုံဖွင့် စာဖတ်ဝိုင်းကျင်းပ၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နတ်တလင်း စက်တင်ဘာ ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် နတ်တလင်းမြို့နယ် နွယ်ခွေကျေးရွာ မြတ်ပန်းနွယ်နီ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာဖတ်ဝိုင်းအခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက ယင်းအဆောက်အအုံတွင် ကျင်းပသည်။

အခမ်းအနားတွင် သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းနှင့် နွယ်ခွေကျေးရွာ အုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ရှိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ထို့နောက် ခရိုင်ဦးစီးအရာရှိက ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် မြို့နယ်ဦးစီးမှူး ဒေါ်လဲ့ဝါမြင့်က စာဖတ်ဝိုင်းကျင်းပရခြင်းအကြောင်းတို့ကို ရှင်းလင်းပြောကြားကြသည်။

ဆွေးနွေး

ဆက်လက်၍ စာဖတ်ဝိုင်း ကျင်းပရာ ဒေါ်ဆွေဇင်မြင့်က ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ် (၁၁)မှ ကျေးရွာတိုးတက်မှ တိုင်းပြည်တိုးတက်မည် ဟူသော ရွှေဘို ဦးသန်းထွန်း၏ ဆောင်းပါးကို လည်းကောင်း၊ ဦးတင်ဝင်းနိုင်က ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၁၆)ပါ ဦးငယ်၏ ပေါင်းမြက်ကာကွယ်နှိမ်နင်းရေး ဆောင်းပါးကို လည်းကောင်း ဖတ်ကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်လဲ့ဝါမြင့်က သုံးသပ်ဆွေးနွေးသည်။

လှူဒါန်း

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လဲ့ဝါမြင့်က မြတ်ပန်းနွယ်နီစာကြည့်တိုက်အတွက် စာအုပ်စာစောင် ၁၀၀ကို ပေးအပ်လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

မူးယစ်ဆေးဝါးအန္တရာယ် ပပျောက်ရေး ပြင်ဦးလွင်၌ ပြည်သူများ အသိပညာပေးဟောပြော

ပြင်ဦးလွင် စက်တင်ဘာ ၆

မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါး အန္တရာယ်ပပျောက်ရေးအတွက် ပြည်သူများအား အသိပညာဟောပြောပွဲကို သြဂုတ် ၈ရက်က ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၆) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

ဟောပြောပွဲသို့ ပြင်ဦးလွင်မြို့နယ် ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ကျော်ဇေယျနှင့်အမှတ် (၃) နယ်မြေရဲကင်းစခန်းမှ ဒုတိယရဲအုပ်ညွှန့်လှိုင်နှင့်ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ကြီး(၆) ဥက္ကဋ္ဌ ဦးကျော်မင်းနိုင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ တက်ရောက်ကြသည်။

ဟောပြော

ဟောပြောပွဲတွင် ပြင်ဦးလွင်ရဲတပ်ဖွဲ့စခန်း စခန်းမှူးရဲအုပ်ကျော်ဇေယျက မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်ရေးအတွက် ပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်ရမည့် ရဲတပ်ဖွဲ့ဝင်များ၏ လုပ်ငန်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယရဲအုပ်ညွှန့်လှိုင်က ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှု၊ ခိုးမှု၊လုယက်မှု၊ မော်တော်ကား၊ ဆိုင်ကယ်၊ စက်ဘီးများ၊ တိရစ္ဆာန်များလိမ်လည်မှုနှင့် အခြားအမှုများ မဖြစ်ပွားအောင် ဆောင်ရွက်ထားရှိရမည့်လုပ်ငန်းများကို ရပ်ကွက်ပြည်သူများအား အသိပညာပေး ဟောပြောကြောင်း သိရသည်။ **(၂၈၀)**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ သြဂုတ် ၁၅ရက်က မိုင်းယန်း လမ်းဘေးဝဲယာ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် စက်ယန္တရားဖြင့် တူးဖော်ဆောင်ရွက်မှုကို ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

စက်ရေတွင်းတူးဖော်

ကျောက်တန်းမြို့နယ် အဒွတ္တောကျေးရွာတွင် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် အဖွဲ့ဝင်ငွေဖြင့် ဆောင်ရွက်သော နှစ်လက်မစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို သြဂုတ် ၂၈ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဦးဖြူညွှန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းဆွေတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လှိုင်းဘွဲ့မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်း ဦးဆောင်၍ မြို့မဈေးအတွင်းရှိ ဈေးဆိုင်ခန်းများတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းစက်ဖြင့် ခြင်ဆေးဖျန်းမှုကို သြဂုတ် ၁၈ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမင်း ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မေတ္တာပေါင်းကူးတံတား တည်ဆောက်

မိုင်းခုတ် စက်တင်ဘာ ၉

မိုင်းခုတ်မြို့စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၂)ရပ်ကွက်သို့ ဆက်သွယ်သည့် မေတ္တာပေါင်းကူးသစ်သားတံတား ပေ ၆၀ x၁၂ပေ တည်ဆောက်ပြီးစီးမှု အခြေအနေကို သြဂုတ် ၁၀ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးလုကာနှင့်လက်ထောက်အင်ဂျင်နီယာ ဦးစိုးမင်းတို့ ကြည့်ရှုစစ်ဆေးရာ မြို့တာဝန်ခံ ဦးထန်ဒေါင့်တွန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်တို့က ဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **(က-ပ)**

25-9 (16) 1 9/25/07, 4:18 AM

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းကွင်းမိသားစု အိမ်ရာဝင်း ဘီ-၇ နေ ဒေါ်သောင်းသောင်းစိုး မိသားစုက ဒေါ်သောင်းသောင်းစိုး အသက် (၇၀) ပြည့် မွေးနေ့အဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒက ထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တီ=နီ(ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရန် ခြင်ဆေးဖျန်း

မိုးမောက် စက်တင်ဘာ ၆

မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးအတွက် မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ခါနန်ရပ်ကွက်နှင့် ကြေးနန်းရပ်ကွက်တို့တွင် ခြင်ဆေးဖျန်းလုပ်ငန်းဆောင်ရွက်မှုကို ဩဂုတ် ၂၃ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ညောင်ဦးမြို့နယ် စဥ့်ကူရဲတပ်ဖွဲ့စခန်းမှ ရဲအုပ်စံမြင့်နှင့် တပ်ဖွဲ့ဝင်များက အောက်တိုဘာ ၁ရက်တွင်ကျရောက်မည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စက်တင်ဘာ ၁၉ရက်က စဥ့်ကူ မြို့ကုန်းရပ်ကွက်ရှိ စိန္တာမုနိစေတီကြီး စေတီတော်ပရဝဏ်အတွင်း သန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (က-ပ)

မြင်းခြံ-တောင်ဇေ့-ကျောက်တန်းလမ်းဖောက်

မြင်းခြံ စက်တင်ဘာ ၁၂

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးရွာချင်းဆက် မြို့ကိုတက်ဟူသော ဆောင်ပုဒ်နှင့်အညီ ကျေးလက်လမ်းများ စဉ်ဆက်မပြတ်ဖောက်လုပ်ပေးလျက်ရှိရာ ဩဂုတ် ၃၁ရက်က လက်ထောက်အင်ဂျင်နီယာ ဦးသန့်ဇင်ထွန်း ဦးဆောင်၍ ကျောက်တန်းကျေးရွာဥက္ကဋ္ဌ ဦးမျိုးသန့်၊ ရပ်မိရပ်ဖများနှင့်အတူ မြင်းခြံ-တောင်ဇေ့-ကျောက်တန်း ကျေးလက်မြေသားလမ်း ဖောက်လုပ်ခြင်းကို အဖွဲ့ပိုင်ယာဉ်၊ စက်ယန္တရားများဖြင့် ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**

ဆောင်ရွက်

အဆိုပါလမ်းမှာ မြင်းခြံမြို့မှ တောင်ဇေ့ကျေးရွာကိုဖြတ်၍ ကျောက်တန်းကျေးရွာအထိ အရှည်သုံးမိုင်၊ အကျယ်ပေ ၂၀ကို မြေသားထု နှစ်ပေတင်၍ စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ်သိန်း ၂၀၀ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဆုချီးမြှင့်

မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်းကျေးရွာ၊ ရပ်ကွက်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဩဂုတ် ၃၁ရက်က မော်လမြိုင်မြို့ ပြည်နယ် ရာမညအားကစားကွင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်းက အနိုင်ရဗိုလ်စွဲသွားသည့် ဖက်တန်းရပ်ကွက်ဘောလုံးအသင်းအား ဆုချီးမြှင့်ရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်ရွှေက လက်ခံယူစဉ်။ (၁၆၈)

အမြို့မြို့ အနယ်နယ် သတင်းများ

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် တော်သလင်းလပြည့်နေ့
၂၆-၉-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဂရုဓမ္မအခါတော်နေ့တရားတော်)(မဟာနတ္တဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသ)

နေ့လယ်ပိုင်း

၀၉:၀၀ နဝင်္ဂဥပေါသထသီလပေး တရားတော် (ကလေးဝဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ)
၁၀:၀၀ **(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ အဆိုပြိုင်ပွဲဝင်များ လေ့လာရန် (ခေတ်ဟောင်း/ကာလပေါ်တေး)**
၁၁:၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (စိုက်ပျိုးရေးရာပြန်ကြားလွှာ)
၁၁:၃၀ သောတရှင်အတွက် ပြန်ကြားချက်
၁၂:၀၀ ယဉ်ကျေးမှုအနုပညာ(ညီတော် မင်းနန်ချွတ်ခန်း-ဒေါ်စောမုံညင်း)
၁၂:၂၅ သူ့အတွေးနှင့် သူ့အရေး(အဖေ့စကားလောကနီတိများ- မိုးကောင်းစံ)
၁၂:၃၅ ဥပုသ်နေ့တရားတော်

ညနေပိုင်း

၁၆:၀၀ တရားတော် (ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ မင်းကွန်းဆရာတော်ကြီး ဖြေကြားတော်မူခဲ့သော မယုကဇာတကသုတ္တန်)
၁၇:၀၀ ဓမ္မဂုတဆရာတော် အရှင်ဆေကိန္ဒနှင့် ဆွေးနွေးခန်း
၁၇:၃၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ဆီထမင်း၊ ငါးခြောက်ကြော်နှင့် ငှက်ပျောသီးကြော်)
၁၇:၄၅ **(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စောင်းအတီး ပြိုင်ပွဲဝင်များ လေ့လာရန် မဟာဂီတ**
၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) မိငယ်လေးဖတ်ဖို့(၅)(သဲအောင်)
(၂) အမှုအရာအနုပညာ (ယဉ်မင်းဦး-ဆေးတက္ကသိုလ်)
၁၉:၁၅ မြန်မာမှု မြန်မာ့သဘင်-ကွက်စိပ် (တွံတေးဒဂုံဆရာညွန့်၏ ဗုဒ္ဓဝင်ရာဟုလာအမွေတောင်းခန်း)
၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) သီချင်းလေးထဲကမန်ဒလီ (အေးမြမြ)
(၂) ချစ်အားငယ်ရသူမယ် (စန္ဒရားချစ်ဆွေ)
(၃) မောင့်ကိုသူများချစ်မှာစိုးတယ် (ချစ်စပယ်)
၂၀:၄၅ မင်းကွန်းဆရာတော်ကြီး၏ အရပ်(၁၀) မျက်နှာ မေတ္တာဘာဝနာတရားတော်

မြိုင်မြို့ အမှတ် (၂) ရပ်ကွက် မြို့ပတ်လမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်းကို ဩဂုတ်၁၄ ရက် က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ပြည့်က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ထူးချွန်ကျောင်းသားကျောင်းသူများ ဂုဏ်ပြုပွဲ မလှိုင်၌ကျင်းပ

မလှိုင် စက်တင်ဘာ ၉

ဒုတိယအကြိမ်မြောက် မလှိုင်မြို့နယ် ပညာရေးကြီးကြပ်မှုကော်မတီက ၂၀၀၆-၂၀၀၇ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုပွဲကို ဩဂုတ် ၁၀ရက်က ပန်းလှိုင်ရွှေဝါခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးသန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးလှမြင့်က အောင်ချက်မြင့်မားရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ချီးမြှင့်

ထို့နောက်ဂုဏ်ပြုပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ပညာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးသန်း**(ယာပုံ)**က ၂၀၀၆-၂၀၀၇ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ခြောက်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ခြောက်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၁၄ဦးနှင့် မလှိုင်မြို့နယ်အတွင်း အောင်ချက်အမြင့်မားဆုံးကျောင်းဖြစ်သည့် မလှိုင်အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်အေးတို့အား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးလှမြင့်နှင့် တာဝန်ရှိသူများက (၁၅)ကြိမ်မြောက် အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲတွင် တိုင်း၊ ခရိုင်အဆင့် ဆုရသူများနှင့် မွမ်းမံသင်တန်းဆုရသူများအား စုစုပေါင်း ဂုဏ်ပြုငွေကျပ်ကိုးသိန်း နှစ်သောင်း ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **(၄၁၉)**

စာပေဂုဏ်ဆောင်ဆု အမည်စာရင်းတင်သွင်းရန် ဖိတ်ခေါ်

ရန်ကုန် စက်တင်ဘာ ၂၄

မကွေးတိုင်း ရေစကြိုမြို့မှ စာပေဆုအလှူရှင် ဆရာတော် အရှင်ဇေါတိက (ဘုန်းနွယ်)အား ဂုဏ်ပြုလျက် မြန်မာနိုင်ငံအတွင်းရှိ စာပြုစာပေပညာရှင်များကို စိစစ်ရွေးချယ်ပြီး ရေစကြိုဘုန်းနွယ်စာပေ ဂုဏ်ဆောင်ဆုအမည်ဖြင့် မန္တလေးမြို့ရှိ ရေစကြိုမြို့နယ်အသင်းက ချီးမြှင့်မည်ဖြစ်ရာ စာပေဂုဏ်ဆောင်ဆုကို နှစ်စဉ်အလှည့်ကျ ရွေးချယ်နိုင်ရန်အတွက် စာပြုစာပေပညာရှင်များ အနေဖြင့် မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူတစ်ဦးကဖြစ်စေ အတ္ထုပ္ပတ္တိအကျဉ်းနှင့် ရေးသားပြုစုသော စာစုစာရင်းကို မိတ္တူနှစ်စောင်ရေးသား၍ အမည်ရင်း၊ ကလောင်အမည်၊ နေရပ်လိပ်စာ အပြည့်အစုံကိုဖော်ပြ၍ ဒေါ်ချိုချိုထွန်း (အတွင်းရေးမှူး) ရေစကြိုမြို့နယ်အသင်း အမှတ်(၇၅) ၂၈လမ်း၊ ၇၃/၇၄ လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၆၄၅၀၅နှင့်၀၉-၂၀-၀၀၉၃၆ တို့သို့ လိပ်မူ၍ အမည်စာရင်း တင်သွင်းနိုင်ကြရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။ **(က-ပ)**

ခန္တီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း စက်တင်ဘာ ၁၁ရက်က စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ အိုင်အိုဒင်းဆား ရာနှုန်းပြည့်ပါဝင်မှုရှိ၊ မရှိ စစ်ဆေးမှုကို အမှုဆောင်အရာရှိ ဦးအောင်ဘွား ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ဂန္ထဓုရ၊ ဝိပဿနာဓုရမှတစ်ပါး ယင်းဓုရနှစ်ဖြာနှင့် မသက်ဆိုင်သော ဆောင်ရွက်မှုများ အပြုအမူများ မလွန်ကျူးမိကြစေရန် ဆရာတော်ကြီးများ ထုတ်ပြန်ထားခဲ့သော ညွှန်ကြားလွှာအမှတ် (၈၁)၊ (၈၃)၊ (၈၅)နှင့် (၆၅)များကို လိုက်နာဆောင်ရွက်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရ ဩဝါဒစကားမိန့်ကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၂၄

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရ မိန့်ကြားသည့် ဩဝါဒအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ စသည်တို့ကို ပြဋ္ဌာန်း၍ ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး သန့်ရှင်းစေရန်၊ ထွန်းကားပြန့်ပွားစေရန်၊ အဓွန့်ရှည်ကြာတည်တံ့စေရန်၊ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ကြရန်အတွက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ခဲ့ပါသည်။

ယင်းနိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးအား သာသနာတော် သန့်ရှင်းတည်တံ့ထွန်းကားပြန့်ပွား၍ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ဆက်လက်တာဝန်ပေးအပ်ခဲ့ပါသည်။

ဆရာတော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးအနေဖြင့် အဆိုပါပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးတို့က ပေးအပ်ခဲ့သည့် လုပ်ငန်းတာဝန်များကိုသာလျှင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တာဝန်ရှိပါသည်။

ဂန္ထဓုရ၊ ဝိပဿနာဓုရမှတစ်ပါး ယင်းဓုရနှစ်ဖြာနှင့် မသက်ဆိုင်သော ဆောင်ရွက်မှုများ၊ အပြုအမူများ မလွန်ကျူးမိကြစေရန် မိမိတို့ ဦးထိပ်ရွက်ပန်ဆင်ရိုသေလေးစားအပ်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ပဲခူးမြို့မဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်းတိပိဋကဓရ ဆရာတော်အစရှိသော ဆရာတော်ကြီးများ ထုတ်ပြန်ထားခဲ့သော ညွှန်ကြားလွှာအမှတ် (၈၁)၊ (၈၃)၊ (၈၅)နှင့် ညွှန်ကြားလွှာအမှတ် (၆၅)တို့၌ ပြည့်ပြည့်စုံစုံ စုံစုံလင်လင် ထုတ်ပြန်ညွှန်ကြားထားပြီးဖြစ်၍ ယင်းညွှန်ကြားလွှာများအတိုင်း လိုက်နာဆောင်ရွက်ကြရန် ဩဝါဒပေးလိုက်ပါသည်။

နိုင်ငံတော်ကြီး အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်နေသည်ကို အဖျက်သမားများ မနာလို မရှုဆိတ်ဖြစ်နေ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်မှန်သမျှ ပျက်စီးအောင် နည်းမျိုးစုံဖြင့် ဖန်တီးလုပ်ဆောင်လျက်ရှိ

လမ်းပေါ်ထွက်သည်ဆိုသော သံဃာထုမှာ များသည်ဟုထင်ရသော်လည်း ၂ ရာခိုင်နှုန်းမျှပင်မရှိ ကောင်းမွန်စွာသာသနာပြုလိုသော ၉၈ ရာခိုင်နှုန်းကျော်ဖြစ်သည့် သံဃာထုမှာ အများစုဖြစ်

သာသနာတော်ညှိုးနွမ်းမည့် အန္တရာယ်နီးကပ်လျက်ရှိသဖြင့် အမျိုးဘာသာ သာသနာအကျိုးကို မျှော်ကိုးလျက် ဆရာတော်အရှင်သူမြတ်တို့ လမ်းညွှန်ဩဝါဒမိန့်ကြားပေးတော်မူပါရန် သာသနာရေးဝန်ကြီးလျှောက်ထား

ရန်ကုန် စက်တင်ဘာ ၂၄

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် လျှောက်ထားတင်ပြသည့် သာသနာရေးဆိုင်ရာကိစ္စရပ်များမှာ အောက်ပါအတိုင်းဖြစ်သည်–

မြန်မာနိုင်ငံတော်တွင် လတ်တလောဖြစ်ပေါ်နေသော ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ အဖြစ်မှန်ကိုသိရှိနိုင်ရန် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား အသိပေးလျှောက်ထားသည့် သာသနာရေးဆိုင်ရာ လျှောက်ထားလွှာ–

ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များဘုရား–

ဆရာတော်၊ သံဃာတော်ကြီးများအား ကျန်းကျန်းမာမာဖြင့် စုံညီစွာ ဖူးမြင်ပူဇော်ခွင့်ရပြီး ပူဇော်လျှောက်ထားခွင့်ရသဖြင့် ဝမ်းမြောက်ရပါသည်ဘုရား။

စာမျက်နှာ ၉ ကော်လံ ၁ ●

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်ကြီးများအား သာသနာရေးဆိုင်ရာများ လျှောက်ထား ဓမ္မစက်ဖြင့် ဆောင်ရွက်ခြင်းအပေါ် လိုက်နာမှု မရှိပါက လုပ်ထုံးလုပ်နည်း ဥပဒေအရ ဆက်လက်အရေးယူမည်

ရန်ကုန် စက်တင်ဘာ ၂၄

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် အဖွဲ့ဝင် ဆရာတော်ကြီးများအား သာသနာရေးဆိုင်ရာ ကိစ္စရပ်များ လျှောက်ထားသည့်အခမ်းအနားကို ယနေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်သံဃမဟာနာယက ကျောင်းဆောင် အစည်းအဝေးခန်းမဋ္ဌကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရ၊ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဩဘာသာဘိဝံသ၊ အလှည့်ကျနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲဝင် ဆရာတော် ၁၅ပါး နှင့် အထူးဖိတ်ကြားထားသော နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်လေးပါးတို့ တက်ရောက်ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၃ ■